# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဥာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက် တနင်္လာနေ့။ Monday, 11 May 2026 ၁၂၁၇၅


## မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အာဆီယံနိုင်ငံအများစုက နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုသော်လည်း အနည်းငယ်သောနိုင်ငံများက မြန်မာအစိုးရအပေါ် ကန့်သတ်မှုများ ခွဲခြားဆက်ဆံမှုများ၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားခြင်းများ ဆက်လက်ပြုလုပ်ရန် ကြိုးပမ်းနေ

### သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ အဆိုပါ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်သည် ၎င်းတို့၏ လွတ်လပ်သော ဆန္ဒသဘောထားများဖြင့် ဆန္ဒမဲပေးခဲ့ကြပြီး၊ ပြည်သူများက ရွေးချယ်ခဲ့သည့် လွှတ်တော်နှင့် လွှတ်တော်က ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်သမ္မတဦးဆောင်သော အစိုးရတစ်ရပ် ပေါ်ပေါက်ခဲ့ပြီးဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထိုစဉ်အာဏာရအစိုးရက မဲမသမာမှုများကို ဆိုးရွားစွာ ပြုလုပ်ခဲ့ကြပြီး အဆိုပါရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း နိုင်ငံရေးပါတီများနှင့် ပြည်သူများက တောင်းဆိုမှုအရ စိစစ်စုံစမ်းခဲ့ရာ မဲပေးပိုင်ခွင့်ရှိသူ ၃၈ ဒသမ ၂ သန်းကျော်အနက် မဲမသမာမှု ၁၁ ဒသမ ၃ သန်းကျော် ပေါ်ပေါက်ခဲ့ကြောင်း သိသာထင်ရှားစွာ စိစစ်တွေ့ရှိခဲ့သဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။ မသမာသောနည်းလမ်းများအသုံးပြု၍ အာဏာရယူလိုသည့် တာဝန်ရှိသူများတွင် အဂတိအမှုနှင့် အခြားသောပြစ်မှုတို့ကို ကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐


**ယနေ့ ဖတ်စရာ**

**စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို**
စာမျက်နှာ » ၅

**မြေဆီလွှာ၏ ကျန်းမာရေးကို အလေးပေးဆောင်ရွက်**
ဆောင်းပါး စာမျက်နှာ » ၆

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲ နောက်ဆုံးနေ့ လေ့လာကြည့်ရှုသူများ အထူးစည်ကား**
စာမျက်နှာ » ၈

**သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဖြင့် ချစ်သော ကမ္ဘာမြေကို ကယ်တင်ကြမည်**
ဆောင်းပါး စာမျက်နှာ » ၁၀

**၂၀၂၆ ခုနှစ်၊ မေလ ဒုတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်**
စာမျက်နှာ » ၁၂




အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲ ကျင်းပစဉ်။

## ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲ ကျင်းပ

ညောင်ရွှေ မေ ၁၀

၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ကလောခရိုင် ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း မြက်ခင်းပြင်၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**ယနေ့မိုးလေဝသ**

### မေ ၁၁ ရက် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

### လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁၀

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

ကြေးမုံ

# နိုင်ငံ့စီးပွားအားကောင်းလာစေရေး MSME လုပ်ငန်းများ အားပေးမြှင့်တင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကပိုင်ဆိုင်ထားသည့် သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်မြှင့်တင်၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို အားပေးမြှင့်တင်ပေးလျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးတို့အတွက် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် စက်မှုအခြေခံနိုင်ငံမဟုတ်ဘဲ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံအဖြစ် အစဉ်အဆက်ရပ်တည်ခဲ့သောကြောင့် ပြည်တွင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ အစောပိုင်းခေတ်ကာလများကတည်းက အလွန်အားကောင်းခဲ့သည်။ ထိုခေတ်ကာလများက တံခါးပိတ်စီးပွားရေးစနစ် ကျင့်သုံးခဲ့သောကြောင့် ပြည်တွင်းထုတ်ကုန်များကိုသာ မှီခိုအားထားခဲ့ရသဖြင့် MSME လုပ်ငန်းများ အားကောင်းခဲ့ခြင်းဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးသည့်အချိန်မှစ၍ ပြည်တွင်း MSME လုပ်ငန်းများ မှေးမှိန်အားနည်းသွားခဲ့သည်။ အမှန်တကယ်တွင် ပြည်တွင်း MSME လုပ်ငန်းများကို ခေတ်နှင့်လျော်ညီစွာ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် အရည်အသွေးအဆင့်အတန်းသာလွန်သည့် ပြည်ပထုတ်ကုန်များကို ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတကာတွင် SME လုပ်ငန်းများသည် ရှေးကာလများကတည်းက မျက်မှောက်ကာလထိတိုင် ခေတ်နှင့်ဆီလျော်အောင် မြှင့်တင်ဆောင်ရွက်နိုင်သောကြောင့် ယနေ့ထက်တိုင်အောင် SME လုပ်ငန်းများ အားကောင်းနေဆဲဖြစ်သည်။ အချို့ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် SME လုပ်ငန်းများကို အားထားနေဆဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားရေး အားကောင်းလာစေရေးအတွက် MSME လုပ်ငန်းများကို မဖြစ်မနေ အားပေးမြှင့်တင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ဖြစ်သော ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေကြသူများဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ MSME လုပ်ငန်းများကို အထူးအလေးထားအားပေးသွားရန်လိုပြီး ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အဓိကအလေးထားဆောင်ရွက်သွားကြရန်လိုသည်။ MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစု၊ လူသားအရင်းအမြစ်များ လိုအပ်သလို ခေတ်ကာလနှင့်အညီ ခေတ်မီတိုးတက်သည့် နည်းပညာအဆင့်အတန်းများကို လိုက်ပါဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် စက်မှုနှင့်နည်းပညာဆိုင်ရာများကို ပြည်ပမှရယူရင်းနှီးမြှုပ်နှံရမည်ဖြစ်သော်လည်း ကုန်ကြမ်းများကို ပြည်ပမှဝယ်ယူဆောင်ရွက်ခြင်းထက် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို နိုင်ငံတော်ကထုတ်ချေးပေးလျက်ရှိပြီး လိုအပ်သည့် ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ လိုအပ်သည့် လူသားအရင်းအမြစ်များရရှိရေးကိုလည်း နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ MSME လုပ်ငန်းများအား မှတ်တမ်းတင်အသိအမှတ်ပြုပေးလျက်ရှိပြီး MSME ထုတ်ကုန်ပြပွဲများကို အခါအားလျော်စွာ ကျင်းပပေးလျက်ရှိသည်။ သာဓကအားဖြင့် ပြည်တွင်း၌ ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်လျက်ရှိပြီး ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ ဝါကိုအခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးအတွက် ပြည်ပသွင်းကုန်များကို လျှော့ချပြီး ပြည်တွင်းထုတ်ကုန်များကို အစားထိုးမြှင့်တင်ဆောင်ရွက်နိုင်ရန် MSME လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲအနေဖြင့် စဉ်ဆက်မပြတ် အားပေးကူညီဆောင်ရွက်ပေးမှုများကြောင့် MSME လုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းထုတ်ကုန်များကို နိုင်ငံတကာအဆင့်အတန်းမီပြီး အရည်အသွေးပြည့်မီသော ထုတ်ကုန်များထုတ်လုပ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်ကလက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာ ဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ဒေးဒရဲမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများ ဆွေးနွေးပို့ချ



ဒေးဒရဲ မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများ ပို့ချဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းမောင်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးကျော်က ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၃ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၁၀

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ၁၀ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၂၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ ရှေ့ဖုံးမှ

တရားဥပဒေနှင့်အညီ တရားရုံးက ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအသစ်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်ကျင်းပခဲ့ရခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အာဆီယံနိုင်ငံအများစုက နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် အနည်းငယ်သောနိုင်ငံများက မြန်မာအစိုးရအပေါ် ကန့်သတ်မှုများ၊ ခွဲခြားဆက်ဆံမှုများ၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားခြင်းများကို ဆက်လက်ပြုလုပ်ရန် ကြိုးပမ်းနေပြီး၊ အာဆီယံပဋိညာဉ်စာတမ်း အခန်း(၁)၊ အပိုဒ်(၂)ပါ အခြေခံမူများကို ဖောက်ဖျက်၍ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ဝေဖန်ပြောဆိုခြင်း၊ ဖိအားပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည့် ၁၉၉၇ ခုနှစ်မှစတင်၍ အာဆီယံ၏ လုပ်ငန်းစဉ်များကို အာဆီယံတူညီဆန္ဒများနှင့်အညီ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် တာဝန်ယူမှုရှိသော အဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံ၏ယန္တရားများနှင့် လှုပ်ရှားမှုများအတွက် နှစ်စဉ်ထည့်ဝင်ငွေများ ပေးဆောင်ခြင်းအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ တာဝန်ဝတ္တရားများကို အစဉ်တစိုက်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်းက အာဆီယံနိုင်ငံအချို့၏ သဘောထားဖြင့် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများ ပြုလုပ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် စိတ်ရှည်သည်းခံ၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အပြုသဘောမဆောင်သည့် ခွဲခြားဆက်ဆံမှုများကို နိုင်ငံတော်အစိုးရအသစ်လက်ထက်တွင် ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းနေမှုများသည် ဒီမိုကရေစီနည်းလမ်းတကျ မဲပေးခဲ့သည့် မြန်မာပြည်သူများ၏ ဆန္ဒသဘောထားများကို လျစ်လျူရှုရာရောက်ပါသည်။

အာဆီယံအနေဖြင့် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် တူညီဆန္ဒမရရှိသေးလင့်ကစား မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများအပေါ် ထောက်ခံကူညီပေးခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုကို မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပကတိအခြေအနေအပေါ်မူတည်၍ မိမိနိုင်ငံနှင့် ကိုက်ညီသည့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ မေလ ၁၀ ရက်**



❂ ၂၀၂၆ ခုနှစ်မှ

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဒသမတန်း ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူ လူရည်ချွန်မောင်မယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ်နှင့် တာဝန်ရှိသူများအား Crystal Trophy နှင့် တိုင်းရင်းသားရိုးရာဝတ်စုံ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် လူရည်ချွန်မောင်မယ်များ ကိုယ်စားကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လည်းကောင်း၊ ကချင်ပြည်နယ် လူရည်ချွန်မောင်မယ်များက ဂျိန်းဖောအက၊ ရှမ်းပြည်နယ်မှ လူရည်ချွန်မောင်မယ်များက ၂၀၁၉ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် သီချင်းပြိုင်ပွဲ ပထမဆုရသီချင်းတို့ဖြင့် လည်းကောင်း ကပြဖျော်ဖြေကာ ဒေသခံအဆိုတော်များက တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ)နှင့် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်) စခန်းသိမ်း မီးပုံပွဲအခမ်းအနား ကျင်းပ

ပုသိမ် မေ ၁၀

၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ)နှင့် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်) စခန်းသိမ်းမီးပုံပွဲ အခမ်းအနားကို ယမန်နေ့ညပိုင်းက အဆိုပါစခန်းများတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ လူရည်ချွန် မောင်/မယ်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ)၌ အမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ်များ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ကောဒသမတန်းလူရည်ချွန်စခန်း(ငွေဆောင်) စခန်းအောင်ပွဲသို့တက်ရောက်ပြီး အမှာစကားပြောကြားကာ လူရည်ချွန်မောင်မယ်များနှင့် ညစာအတူတကွ သုံးဆောင်ကြသည်။

**ပါဝင်ဆင်နွှဲ**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ်းခြေမီးပုံပွဲအား မီးညှိဖွင့်လှစ်ပေးပြီး လူရည်ချွန်မောင်မယ်များနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြင်ဦးလွင် လူရည်ချွန်စခန်း စခန်းသိမ်း မီးပုံပွဲကျင်းပ

ပြင်ဦးလွင် မေ ၁၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်လူရည်ချွန်စခန်း စခန်းသိမ်းမီးပုံပွဲကို ယမန်နေ့ ည ၇ နာရီက ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE-Falls)၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူရည်ချွန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ လူရည်ချွန်စခန်း စခန်းသိမ်းအောင်ပွဲ အထိမ်းအမှတ် မီးပုံးငယ်အလုံး ၁၀၀ လွှင့်တင်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောသည်။ ထို့နောက် လူရည်ချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့်ဇနီးတို့က လူရည်ချွန်မောင်မယ်များအား ဒေသထွက်လက်ဆောင်များ အမှတ်တရ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လူရည်ချွန်ကြီးများနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် မီးပုံပွဲအား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့်လူရည်ချွန်နှင့် ကောဒသမတန်း လူရည်ချွန်မောင်မယ်များ ပန်းတနော်မြို့ရှိ Global Earth ကုမ္ပဏီ လေ့လာ၊ ရန်ကုန်မြို့စုရပ်သို့ ပြန်လည်ထွက်ခွာ

ပုသိမ် မေ ၁၀

၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့်(ချောင်းသာ)စခန်းနှင့် ကောဒသမတန်း(ငွေဆောင်)စခန်းတို့မှ လူရည်ချွန်မောင်မယ်များသည် လေ့လာရေးခရီးစဉ်ပြီးဆုံးသဖြင့် အပြန်ခရီးစဉ်တွင် မအူပင်ခရိုင် ပန်းတနော်မြို့နယ်အတွင်းရှိ Global Earth Agro & Aqua Industry Public Company Limited သို့ဝင်ရောက်၍ ငါးနှင့်ပတ်သက်သော စားသောက်ကုန်ပစ္စည်းထုတ်လုပ်ခြင်း နည်းပညာများ၊ ငါးမွေးမြူရေးလုပ်ငန်းနှင့် ငါးသားဖောက်လုပ်ငန်းတို့ကို ကြည့်ရှုလေ့လာကြပြီး ရန်ကုန်မြို့စုရပ်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇ ။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

## ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(မန္တလေး) ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး ပုံနှိပ်စက်ရုံ(မန္တလေး)မှ ရိုက်နှိပ်ထုတ်ဝေသည့် စာအုပ်များ၊ Orient – I, II ပတ်လည်စက်၊ ရွက်ထိုးစက်၊ ကုန်ကြမ်းသိုလှောင်ထားမှု၊ ကော်ကပ်စက်၊ Gathering & Stitching ချုပ်စက်၊ ခါးစက်များ၊ Katana (Image Setter)စက်၊ ပုံကူးစက်နှင့် ပုံဖော်စက်များ၏ကြံ့ခိုင်မှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်း၊ အရည်အသွေး ပြည့်မီကောင်းမွန်ရေး၊ အထူးသဖြင့် ကျောင်းသုံးပုံနှိပ်စာအုပ်များကို လက်ဆင့်ကမ်းအသုံးပြုနိုင်ရန်အထိ ပုံနှိပ်ထုတ်ဝေသွားရန်နှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(မန္တလေး)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများက အနုပညာဗဟိုဌာန တည်ဆောက်မှု၊ ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ရန်ပုံငွေရရှိမှုအခြေအနေကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများအား အပိုင်း(၃)ပိုင်းခွဲ၍ ဆောင်ရွက်နေမှုနှင့် အပိုင်း(၁)တွင်ပါဝင်သည့် လုပ်ငန်းများ ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြခန်းသို့ လေ့လာ

နေပြည်တော် မေ ၁၀

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များအား နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အခြေခံလေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁၀)ကို ဧပြီ ၂၇ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



အဆိုပါ လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများသည် ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တိုင်းသမိုင်းပြခန်းသို့ လာရောက်လေ့လာကြရာ တိုင်းသမိုင်းပြခန်းမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး သင်တန်းသား သင်တန်းသူများ၏ သိရှိလိုသည်များ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြောင်းမြမြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

မြောင်းမြ မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း မြို့နယ်အဆင့်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးခြင်းကို ဆောင်ရွက်ရာ မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင်ပါဝင်သည့် ကျေးရွာများအားအဖွဲ့များခွဲခြားသတ်မှတ်ပြီး အဖွဲ့တစ်ခုချင်းစီမှ သက်ဆိုင်ရာခေါင်းစဉ်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **အောင်ဖြိုး(ပြန်/ဆက်)**

## သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံနှင့် အမှတ်(၂၁)အကြီးစားစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

သထုံ မေ ၁၀

မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သထုံမြို့နယ် ကြာပန်းကျေးရွာရှိ သထုံသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံနှင့် အမှတ်(၂၁)အကြီးစားစက်ရုံတို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သထုံသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၌ စက်ရုံအင်ဂျင်နီယာမှူးကြီး ဒေါ်နှင်းသီရိနှင့် Yangon Industrial Solutions Co.,Ltd. မှ ပရောဂျက်မန်နေဂျာဦးကျော်ကိုကိုတို့က စက်ရုံ၏အခြေအနေနှင့် ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးက ယခုစက်ရုံ ပြန်လည်ပတ်နိုင်ပါက မွန်ပြည်နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်မီးရရှိသည့်အချိန် ပိုများလာမည်ဖြစ်ရာ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ အမြန်ဆုံးပြီးမြောက်အောင် ပူးပေါင်းကူညီဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှုခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးသည် အမှတ်(၂၁)အကြီးစားစက်ရုံ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်**

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တရုတ်နိုင်ငံမှ ပေးပို့လှူဒါန်းသည့် ကွန်တိန်နာ Prefabricated House များ ရောက်ရှိမှုနှင့် လျှော်ဒဏ်သင့် ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ပို့ဆောင်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၀

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးလင်းအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးတို့သည် ယမန်နေ့ ညနေ ၄ နာရီက နေပြည်တော် ကောင်စီနယ်မြေရှိ လျှော်ဒဏ်သင့် ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ကွန်တိန်နာ Prefabricated House များ တင်ဆောင်လာသော ကုန်ရထား နေပြည်တော် ရွာတော်ဘူတာသို့ ရောက်ရှိမှုနှင့် ကုန်ရထားပေါ်မှတစ်ဆင့် ပို့ဆောင်မည့်ယာဉ်များပေါ်သို့ တင်ချဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော် ရွာတော်ဘူတာသို့ ရောက်ရှိလာသော ကွန်တိန်နာ ၁၉၂ လုံးကို နေပြည်တော် ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်ရှိ လျှော်ဒဏ်သင့် ဘုန်းကြီးကျောင်း ၁၂၀ ကျောင်းနှင့် သီလရှင်ကျောင်းတစ်ကျောင်းတို့အတွက် ဆက်လက်ပို့ဆောင်လှူဒါန်းလျက်ရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် ကွန်တိန်နာ Prefabricated House များ ပေးပို့လှူဒါန်းနိုင်ရေး ပို့ဆောင်ရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



နေပြည်တော် မေ ၁၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် မိုးကုတ်၊ သပိတ်ကျင်း ဒေသတစ်ဝိုက်စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ် အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသား ရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများနှင့် အတူ အထူးနေ့လယ်စာကို သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အုတ်တွင်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးနှင့် ဆေးအဖွဲ့များ နယ်လှည့်ကွင်းဆင်းဆေးကုသပေး

အုတ်တွင်း မေ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သောအထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများနှင့်ဆေးအဖွဲ့များသည် ယမန်နေ့နံနက် ၇ နာရီက အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် နယ်လှည့်ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အုတ်တွင်းမြို့နယ်ရှိဒေသခံပြည်သူ ၃၉၇ ဦးအား ဆေးဝါးအခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။ အဆိုပါ ဆေးဝါးအခမဲ့ကုသပေးရာသို့ အုတ်တွင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မိုးနှင့် ကျန်းမာရေးဝန်ထမ်းများက အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)






## ကျိုက်ထိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ဆောင်ရွက်ပေး

ကျိုက်ထို မေ ၁၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်ထိုမြို့နယ်ဦးစီးမှူးရုံးမှ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ဖက္ကလိပ်ကျေးရွာရှိ ဖက္ကလိပ်ပရိယတ္တိစာသင်တိုက် ဝင်းရှိဓမ္မာရုံ၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် ကျိုက်ထိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ အရောက် ပြေး ၂၀ ရက်မှစတင်ကာ နေ့စဉ်လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## ဖျာပုံမြို့၌ အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် သူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ဖျာပုံ မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့



အထိမ်းအမှတ်အခမ်းအနားကို မေ ၈ ရက် နံနက် ၁၁ နာရီက ဖျာပုံ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါ်ရင်မြက ပေးပို့သော အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် သူနာပြုများနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖျာပုံပြည်သူ့ဆေးရုံကြီးမှ သူနာပြုအုပ် ဒေါ်ဇင်မာအေးက ဖတ်ကြားသည်။

ထို့နောက် ဖျာပုံပြည်သူ့ဆေးရုံကြီးမှအငြိမ်းစားသူနာပြုဆရာမကြီး ဒေါ်သန်းမြင့်အား တာဝန်ရှိသူများက ဂါရဝပြုလက်ဆောင်များ ပေးအပ်ကြပြီး၂၀၂၅ ခုနှစ်အတွင်း ဖျာပုံပြည်သူ့ကျန်းမာရေး ဦးစီးဌာန လက်အောက်ရှိ ကျန်းမာရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိသူများအား ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# မြေဆီလွှာ၏ ကျန်းမာရေးကို အလေးပေးဆောင်ရွက်

ဒေါက်တာပပဝင်း

ဉာဏ်ပညာဖြင့် ချစ်တတ်ကြပါစေ။ အထူးသဖြင့် ရွေးချယ်၍မရသော၊ ရွေးချယ်ရန်မလိုအပ်သော သဘာဝတရားကြီးမှ စေတနာ၊ မေတ္တာတရားများနှင့်ပေးအပ်ထားသည့် မိမိနှင့် မိမိပတ်ဝန်းကျင်ကို ချစ်တတ်ရန် လိုအပ်ပါသည်။ မိမိကိုယ်ကို ချစ်ရမည်ဆိုသည်မှာ စိတ်ချမ်းသာစွာ၊ ကျန်းမာသက်ရှည်စွာ နေထိုင်သွားနိုင်ရန် ကြိုးစားခြင်းဖြစ်ပါသည်။ “အသက်ကို ဉာဏ်စောင့်” ဟူသည့်စကားပုံအတိုင်း မိမိ၏အသက်ကို မိမိ၏ဉာဏ်ပညာသည်သာလျှင် စောင့်ရှောက်ပေးသည့်အတွက် အတွေးအခေါ်၊ အမြော်အမြင်မြင့်မားအောင် လေ့လာကျင့်ကြံရမည်ဖြစ်ပါသည်။

မိမိ အသက်ရှည်ကျန်းမာစွာ နေနိုင်ရန်အတွက်မှာလည်း သဘာဝက ပေးအပ်ထားသော မိမိပတ်ဝန်းကျင်တစ်ခွင် ကျန်းမာနေစေရန် လိုအပ်ပါသည်။ အပြန်အလှန်သဘောအရ သဘာဝပတ်ဝန်းကျင် ကျန်းမာနေမှသာလျှင် မိမိတို့ကျန်းမာစွာ နေနိုင်မည်ဖြစ်သည့်အတွက် မိမိ၏ပတ်ဝန်းကျင်ဖြစ်သော မြေထု၊ လေထု၊ ရေထုကို ထာဝရ လတ်ဆတ်ကျန်းမာနေစေရန် မည်သို့ဆောင်ရွက်သင့်သည်ကို အမြဲတွေးတော လုပ်ဆောင်ပေးရမည်ဖြစ်ပါသည်။ အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုနေကြသူများက မိမိတို့စိုက်ပျိုးနေသည့် မြေဆီလွှာ၏ကျန်းမာရေးကို အထူးအလေးထားပေးရမည်ဖြစ်ပါသည်။ မြေဆီလွှာမှ လူတို့အတွက် အစာ၊ တိရစ္ဆာန်အစာများအတွက် စိုက်ပျိုးထုတ်ယူနေပြီး မိမိတို့အနေဖြင့် မြေစာပြန်မကျွေးဘဲထားမည်ဆိုပါက မျှတမည်မဟုတ်ပါ။

**မြေဆီလွှာ**

မြေဆီလွှာဆိုသည်မှာ အပင်များရှင်သန်ကြီးထွားမှုအတွက် အဓိက မရှိမဖြစ်လိုအပ်သော ရေနှင့် အပင်အာဟာရဓာတ်များ ဖြည့်ဆည်းပေးရန် သတ္တုဓာတ်၊ မြေဆွေးဓာတ်၊ ရေ၊ လေတို့ဖြင့် ဖွဲ့စည်းထားသည့် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်ရှိ အပေါ်ယံအလွှာပါးလေးဖြစ်ပါသည်။ မြေဆီလွှာထုသည် မြေအမျိုးအစားကိုလိုက်၍ နှစ်လက်မမှ ၁၀ လက်မအထိရှိနိုင်သော်လည်း အများအားဖြင့် ငါးလက်မခန့်ရှိပါသည်။ အဆိုပါအလွှာပါး တစ်လက်မဖြစ်တည်လာရန်အတွက် နှစ်ပေါင်း ၅၀၀ ခန့်ကြာမြင့်သည်ဟု သိရှိရပါသည်။



**မြေဆီလွှာကျန်းမာရေး**

မြေဆီလွှာကျန်းမာရေးဆိုသည်မှာ သက်ရှိဂေဟစနစ်အတွင်း အပင်၊ လူနှင့် တိရစ္ဆာန်များ ကမ္ဘာပေါ်တွင် ရေရှည်တည်တံ့စွာ မှီတင်းနေထိုင်နိုင်ရန်အတွက် မြေဆီလွှာ၏ စွမ်းဆောင်နိုင်မှုဖြစ်ပါသည်။ မြေဆီလွှာ ကျန်းမာရေးအားနည်းစေသည့် အဓိကအကြောင်းရင်းများမှာ ရာသီဥတုပြောင်းလဲလာခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် ဓာတုမြေဩဇာများကဲ့သို့သော ဓာတုသွင်းအားစုများ လွန်ကဲစွာအသုံးပြုခြင်း၊ အပင်အာဟာရဓာတ်များ မျှတစွာ ထည့်သွင်းအသုံးမပြုခြင်း၊ မြေဆီလွှာအား အနားမပေးဘဲ စဉ်ဆက်မပြတ် စိုက်ပျိုးနေခြင်း၊ စိုက်ပျိုးရေများကို လိုအပ်သည်ထက်ပို၍ ထည့်သွင်းအသုံးပြုခြင်းနှင့် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများမှ စွန့်ပစ်ပစ္စည်းများ စနစ်တကျ မစွန့်ပစ်ခြင်းအစရှိသည်တို့ကြောင့် ဖြစ်ပါသည်။

**မြေဆီလွှာ အားနည်းယိုယွင်းခြင်း အမျိုးအစားများ**

မြေဆီလွှာအားနည်းယိုယွင်းခြင်းတွင် ရုပ်ဂုဏ်သတ္တိ အားနည်းယိုယွင်းခြင်း၊ ဓာတုဂုဏ်သတ္တိအားနည်းယိုယွင်းခြင်းနှင့် ဇီဝဂုဏ်သတ္တိ အားနည်းယိုယွင်းခြင်းဟူ၍ အမျိုးအစားသုံးမျိုးရှိပါသည်။ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ အားနည်းယိုယွင်းလာပါက မြေဆီလွှာသိပ်သည်းလာခြင်း (မြေကျပ်လာခြင်း)၊ ရေဝပ်ခြင်းနှင့် အပေါ်ယံမြေဆီလွှာ ဆုံးရှုံးခြင်း စသည်တို့ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ မြေဆီလွှာ၏ ဓာတုဂုဏ်သတ္တိ အားနည်းယိုယွင်းလာပါက အော်ဂဲနစ်ဓာတ်ပါဝင်မှု လျော့နည်းလာခြင်း၊ မြေဆွေးဓာတ်များလျော့နည်းလာခြင်း၊ မြေချဉ်လာခြင်း၊ မြေငန်လာခြင်း၊ ဆား/ဆပ်ပြာပေါက်လာခြင်း အစရှိသည့် မြေဆီလွှာပြဿနာများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများ ပျက်စီးယိုယွင်းလာပါက ဇီဝဂုဏ်သတ္တိလည်း အားနည်းယိုယွင်းလာပြီး မြေဆီလွှာအတွင်းရှိ အဏုဇီဝသက်ရှိများ၏ စွမ်းဆောင်ရည်နှင့် ပွားများနိုင်မှုစွမ်းရည် လျော့နည်းလာခြင်းတို့ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။



**မြေဆီလွှာကျန်းမာရေးယိုယွင်းခြင်းကို ကာကွယ်ပေးနိုင်သည့် အချက်များ**

- ➢ သစ်စိမ်းမြေဩဇာပင်များ (ဥပမာ – ညံပင်၊ ပိုက်ဆံလျှော်ပင်၊ ပဲလွမ်း) စိုက်ပျိုး၍ အပင်ကြီးထွားမှုအကောင်းဆုံးအချိန် မြေမြှုပ်ပေးခြင်းနှင့် သီးထပ်သီးနှံပုံစံများတွင် ပဲမျိုးစုံသီးနှံကို အလှည့်ကျထည့်သွင်းစိုက်ပျိုးခြင်း၊
- ➢ စိုက်ပျိုးရေးလုပ်ငန်းမှ ရရှိသည့်ဘေးထွက်ပစ္စည်းများ ပြန်လည်အသုံးပြုခြင်း(ဥပမာ– စပါးခွံ၊ ပြောင်းရိုး (ဘိုင်အိုချာ ပြုလုပ်ခြင်း)၊ နှမ်းရိုးနှင့် ပဲမှော်များထည့်သွင်းခြင်း၊
- ➢ ဇီဝမြေဩဇာများအသုံးပြုခြင်း – မြေဆွေး၊ ပဲမြစ်ဖုဇီဝ မြေဩဇာနှင့် Trichoderma တို့ သုံးစွဲခြင်းနှင့်
- ➢ ဘက်စုံအာဟာရစီမံခန့်ခွဲအသုံးပြုခြင်း စသည်တို့ဖြစ်ပါသည်။

**သစ်စိမ်းမြေဩဇာ စိုက်ပျိုးခြင်း**

မြေဆီလွှာ ကျန်းမာရေးနှင့် စိုက်ပျိုးရေးဂေဟစနစ်ကို ရေရှည်ထိန်းသိမ်းရန် သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းသည် အရေးပါသော လုပ်ကိုင်ဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။ စိုက်ပျိုးသူ တောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန်နှင့် စိုက်ပျိုးမြေများ၏ မြေသားဖွဲ့စည်းတည်ဆောက်မှုကို ကောင်းမွန်စေသည့် နိုက်ထရိုဂျင်ဖြည့်တင်းပေးသည့် သစ်စိမ်းမြေဩဇာပင်များ (ဥပမာ– ပိုက်ဆံလျှော်၊ ညံပင်၊ ပဲမျိုးရင်းဝင်များ) စိုက်ပျိုးခြင်းကို တောင်သူများ လက်တွေ့အသုံးချ စိုက်ပျိုးသင့်သကဲ့သို့ စိုက်ပျိုးပင်သီးနှံအကြွင်းအကျန်များကို သင့်လျော်သည့်အစီအမံများ ပြုလုပ်၍ စနစ်တကျထည့်သွင်းပေးခြင်း၊ သဘာဝမြေဆွေးပြုလုပ်ထည့်သွင်းနည်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။



**ကောက်ရိုး၊ ပြောင်းရိုးတို့အား ပြန်လည်အသုံးချခြင်း**

- ➢ ကောက်ရိုးအပါအဝင် အပင်အကြွင်းအကျန်များကို သီးနှံပင်ရိတ်သိမ်းပြီးနောက် စိုက်ပျိုးမြေအတွင်း ပြန်လည်ထည့်သွင်းခြင်းဖြင့် သစ်ဆွေးဓာတ်ပါဝင်မှုတိုးလာကာ မြေဆီလွှာအာဟာရဓာတ်နှင့် သီးနှံထုတ်လုပ်မှုကို တိုးတက်စေပါသည်။ စိုက်ပျိုးမြေများတွင် သစ်ဆွေးဓာတ်ပါဝင်မှု သုံး–ငါးရာခိုင်နှုန်းရှိလျှင် ကောင်းမွန်သော်လည်း မြန်မာနိုင်ငံရှိ စိုက်ပျိုးမြေအများစုတွင် သစ်ဆွေးဓာတ် နှစ်ရာခိုင်နှုန်းအောက်ထိ

> **မြေဆီလွှာဆိုသည်မှာ အပင်များရှင်သန်ကြီးထွားမှုအတွက် အဓိက မရှိမဖြစ်လိုအပ်သော ရေနှင့် အပင်အာဟာရဓာတ်များ ဖြည့်ဆည်းပေးရန် သတ္တုဓာတ်၊ မြေဆွေးဓာတ်၊ ရေ၊ လေတို့ဖြင့် ဖွဲ့စည်းထားသည့် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်ရှိ အပေါ်ယံအလွှာပါးလေးဖြစ်ပါသည်။ မြေဆီလွှာထုသည် မြေအမျိုးအစားကိုလိုက်၍ နှစ်လက်မမှ ၁၀ လက်မအထိရှိနိုင်သော်လည်း အများအားဖြင့် ငါးလက်မခန့်ရှိ**

နည်းပါးလာသည်ကို တွေ့ရှိရပါသည်။

- ➢ ဘိုင်အိုချာ(ဥပမာ–ပြောင်းရိုးဘိုင်အိုချာ)သည် သဘာဝစွန့်ပစ်ပစ္စည်းများနှင့် သီးနှံအကြွင်းအကျန်များကို အပူပေးလောင်ကျွမ်းစေခြင်းမှ ရရှိလာသော ကာဗွန်ဓာတ်ကြွယ်ဝသည့် ကွန်ပေါင်းတစ်ခုဖြစ်ပြီး မြေဆီအာဟာရဓာတ်ကိုလည်း တိုးတက်ကောင်းမွန်စေပါသည်။ စာမျက်နှာ ၇ သို့ ☆

**သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုနိုင်သော ပဲမျိုးရင်းဝင်သီးနှံများအား စိုက်ပျိုးပြီး ၅၅ ရက်သားတွင် ထယ်ထိုးမြေမြှုပ်ခြင်းဖြင့် မြေဆီလွှာအတွင်း ထည့်သွင်းပေးနိုင်သည့် အာဟာရဓာတ်တန်ဖိုးများ**

| စဉ် | သစ်စိမ်းပင် | မျိုးစေ့နှုန်း (ပြီ/ ဧက) | သစ်စိမ်းပမာဏ (တန်/ဧက) | | မြေဆီလွှာအတွင်းသို့ ရောက်ရှိသွားနိုင်သည့် အာဟာရဓာတ်ပမာဏ (ပေါင်/ဧက) | | | မြေဆီလွှာအတွင်းသို့ ရောက်ရှိသွားနိုင်သည့် အာဟာရဓာတ်နှင့်ညီမျှသော ဓာတ်မြေဩဇာပမာဏ (၅၀ ကီလိုဂရမ်/ဧက) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | အစိုချိန် | အခြောက်ချိန် | နိုက်ထရိုဂျင် | ဖော့စ်ဖရပ် | ပိုတက်ဆီယမ် | ယူရီးယား | တီစူပါ | ပိုတက်ရှ် |
| ၁။ | မတ်ပဲ | ၇.၅ | ၆.၈ | ၁.၃ | ၈၈.၇ | ၅.၃ | ၆၂.၁ | ၁.၇ | ၀.၂ | ၁.၁ |
| ၂။ | ပဲတီစိမ်း | ၇.၆ | ၂.၈ | ၀.၉ | ၃၃.၅ | ၂.၄ | ၃၂.၂ | ၀.၇ | ၀.၁ | ၀.၆ |
| ၃။ | ပဲလွမ်း | ၇.၀ | ၈.၀ | ၁.၁ | ၆၇.၉ | ၄.၀ | ၅၆.၈ | ၁.၃ | ၀.၂ | ၁.၀ |
| ၄။ | ပဲစင်းငုံ | ၇.၀ | ၄.၈ | ၁.၂ | ၉၈.၄ | ၆.၂ | ၄၅.၀ | ၁.၉ | ၀.၃ | ၀.၈ |
| ၅။ | ပဲပုပ် | ၆.၅ | ၄.၄ | ၁.၃ | ၆၆.၀ | ၄.၀ | ၃၆.၃ | ၁.၃ | ၀.၂ | ၀.၇ |
| ၆။ | ပဲပိစပ် | ၇.၆ | ၇.၂ | ၁.၂ | ၈၃.၂ | ၄.၄ | ၃၃.၅ | ၁.၆ | ၀.၂ | ၀.၇ |
| ၇။ | ပဲယင်း | ၇.၅ | ၆.၀ | ၁.၁ | ၅၀.၁ | ၃.၃ | ၂၈.၂ | ၁.၀ | ၀.၂ | ၀.၅ |
| ၈။ | မြေနိမ့်ချယ်ရီ | – | ၅.၄ | ၁.၁ | ၇၉.၃ | ၄.၇ | ၃၃.၉ | ၁.၅ | ၀.၂ | ၀.၅ |
| ၉။ | ပိုက်ဆံလျှော် | ၆ – ၁၀ | ၉–၁၂ | ၁.၅–၂.၀ | ၆၆–၉၉ | ၇–၁၆ | ၄၀–၆၆ | ၁.၃–၁.၉ | ၀.၃–၀.၇ | ၀.၇–၁.၂ |

မှတ်ချက်။ ဤတွက်ချက်မှုပမာဏတို့သည် မြေဆီလွှာအတွင်းရှိ အဏုဇီဝသက်ရှိတို့၏ လှုပ်ရှားဆောင်ရွက်မှုများ၊ အပင်မှရယူနိုင်မှု၊ မြေ၏အပူချိန်နှင့် ရာသီဥတုများအပေါ်မူတည်၍ အာဟာရဓာတ်ရရှိမှု ကွာခြားနိုင်ပါသည်။ စိုက်ပျိုးရာသီ၊ နေ့တာအတိုအရှည်အလိုက် အပင်ဖြစ်ထွန်းမှုအပေါ်မူတည်၍ ထွက်ရှိသော သစ်စိမ်းပမာဏကွာခြားနိုင်ပါသည်။

☆ စာမျက်နှာ ၆ မှ

➢ ဘိုင်အိုချာကိုအသုံးပြုခြင်းဖြင့် အာဟာရဓာတ်ဆုံးရှုံးမှုတို့ကို လျော့နည်းစေနိုင်ပြီး စပါးစိုက်ပျိုးရာတွင် မြေခံအဖြစ် ထည့်သွင်းအသုံးပြုနိုင်သည်။

➢ ဘိုင်အိုချာကို သင့်တော်သော ဓာတ်မြေဩဇာများနှင့်ရောစပ် အသုံးပြုခြင်းဖြင့် သီးနှံကြီးထွားဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။



## စပါးခွံဖွဲပြာထည့်သွင်းအသုံးပြုခြင်း

➢ မြေချဉ်ဓာတ်လွန်ကဲသော မြေဆီလွှာအမျိုးအစားတွင် စပါးခွံများကို အလွန်အကဲလောင်ကျွမ်းသွားအောင် မီးရှို့ခြင်းမပြုဘဲ မဲသွားစေရုံသာ မီးလောင်စေ၍ ရရှိလာသည့် ထိုစပါးခွံဖွဲပြာကို တစ်ဧကလျှင် ငါးတန်နှုန်း ထည့်ပေးခြင်းဖြင့် စပါး သုံးတင်း ပိုထွက်စေပါသည်။

➢ စပါးခွံဖွဲပြာကို တစ်ဧက ငါးတန်နှုန်း သုံးကြိမ် ဆက်တိုက် ထည့်သွင်းသုံးစွဲပါက မြေ၏ချဉ်ငန်ဓာတ်မှာ ၄ ဒသမ ၈၃ မှ ၅ ဒသမ ၂၄ အထိ တိုးလာ၍ မြေသားဖွဲ့စည်းမှုကောင်းစေကာ အပင်စားသုံးနိုင်သော ဖော့စ်ဖိတ်နှင့် ပိုတက်ဆီယမ်ဓာတ်တို့လည်း တိုးလာနိုင်ပါသည်။







## နှမ်းရိုးများထည့်သွင်းခြင်း

➢ စပါးစိုက်ခင်းများအတွင်း၌ နှမ်းရိုးများထည့်သွင်းပြီး ရေမြှုပ်ပေးလိုက်ရုံဖြင့် နှမ်းရိုးအတွင်းမှရှိသော ပိုတက်ဆီယမ်ဓာတ်များမှာ အပင်စားသုံးနိုင်သည့်ပုံစံ ပြောင်းလဲထွက်ရှိလာနိုင်ပြီး စပါးပင်များမှ တိုက်ရိုက်စုပ်ယူစားသုံးနိုင်ပါသည်။ ထိုသို့တိုက်ရိုက်အသုံးမပြုဘဲ နှမ်းရိုးများကို အမှုန့်ကြိတ်ပြီး ထည့်သွင်းပေးနိုင်ပါက မီသိန်းထွက်ရှိမှုလျော့နည်းစေကာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေမှုလျော့ပါးသောကြောင့် ပိုမိုကောင်းမွန်ပါသည်။

## ပဲသီးနှံပါဝင်သော သီးနှံပုံစံထည့်သွင်းစိုက်ပျိုးခြင်း

➢ မြန်မာနိုင်ငံတွင် မြေတစ်နေရာတည်း၌ နှစ်စဉ် စပါးပြီးစပါး ဆက်တိုက်စိုက်ပျိုးလာခြင်းကြောင့် မြေဆီလွှာအတွင်းရှိ အာဟာရဓာတ်များ လျော့နည်းလာပါသည်။ ထို့ကြောင့် လယ်သမားများ၏ဝင်ငွေ ပိုမိုတိုးတက်စေရန်နှင့် မြေဆီလွှာ အာဟာရဓာတ်ထိန်းသိမ်းရန်အတွက် စပါးစိုက်ပျိုးအပြီး ပဲသီးနှံအား သီးထပ်စိုက်ပျိုးပေးသင့်ပါသည်။ (ဥပမာ - စပါး-ပဲ-စပါးသီးနှံပုံစံတွင် မိုးစပါးအပြီး မိုးနှောင်းတွင်စိုက်ပျိုးခဲ့သော ပဲသီးနှံ၏ အရိုးအမှော်များ မြေတွင်ပြန်လည် ထယ်ထိုးမြေမြှုပ်ခြင်းသည် နွေစပါးအတွက် အထောက်အကူဖြစ်စေပြီး မိုးနှောင်းတွင် မြေလှုပ်ထားခြင်းထက် စပါးအထွက် သုံးရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်း ပိုနိုင်ပါသည်။)

➢ **လေထုထဲမှ နိုက်ထရိုဂျင် ဖမ်းယူနိုင်မှု**

- ■ ပဲတီစိမ်း – ၅.၁၂ ကီလိုဂရမ်/ဟက်တာ/နှစ်
- ■ ပဲစင်းငုံ – ၁၅.၀၈ ကီလိုဂရမ်/ဟက်တာ/နှစ်
- ■ ပင်ထောင်မြေပဲ – ၄၂.၉၈ ကီလိုဂရမ်/ဟက်တာ/နှစ်

## အကျိုးပြုအဏုဇီဝမြေဩဇာများနှင့် မြေဆွေးအသုံးပြုခြင်း

### ပဲမြစ်ဖုဇီဝမြေဩဇာ (Rhizobium Bio–fertilizer)

ပဲမြစ်ဖုဇီဝမြေဩဇာဆိုသည်မှာ ပဲမျိုးရင်းဝင် အပင်များ၏ အောက်မြစ်များတွင်နေထိုင်ပြီး လေထုထဲရှိ နိုက်ထရိုဂျင်ဓာတ်ကို အပင်မှ စားသုံးနိုင်သောအခြေအနေသို့ ပြောင်းလဲပေးသော ရိုင်ဇိုဘီယံ (Rhizobium) အကျိုးပြု ဗက်တီးရီးယားများကို သီးသန့်မွေးမြူထုတ်လုပ်ထားသည့် သဘာဝဇီဝမြေဩဇာတစ်မျိုးဖြစ်ပါသည်။



ဈေးနှုန်းသက်သာ၍ သုံးစွဲရလွယ်ကူသည့် ပဲမြစ်ဖုဇီဝမြေဩဇာများကို ပဲပင်အတွက် လိုအပ်သော နိုက်ထရိုဂျင်ဓာတ်ကို အကျိုးရှိစွာ ဖြည့်ဆည်းပေးနိုင်ရန်၊ မြေဆီလွှာမှ နိုက်ထရိုဂျင်လျော့ပါးမှုကို ကာကွယ်ရန်၊ ပဲသီးနှံအပြီး ဒုတိယသီးနှံအတွက် အကျိုးပြုစေရန်နှင့် သဘာဝအရင်းအမြစ်များ ပျက်စီးမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများမှ ကာကွယ်ရန် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပေးသင့်ပါသည်။

**အသုံးပြုနည်း**

- သုံးစွဲရာ၌ အရိပ်အောက်တွင် သက်ဆိုင်ရာပဲမျိုးအလိုက် မှန်ကန်သော မြေဩဇာထုပ်များကို မိမိသုံးစွဲလိုသည့် မျိုးစေ့များပေါ်သို့ ဖြူးချပေးပြီး ရေကိုစွတ်စိုရုံမျှထည့်ကာ နှံ့အောင် လူးနယ် မွှေပေးရပါမည်။
- လူးနယ်ပြီးမျိုးစေ့များကို အရိပ်အောက်တွင်ထား၍ စိုက်ပျိုးရန် အသင့်ပြင်ထားသော စိုက်ကြောင်းများအတွင်း ချက်ချင်း မျိုးစေ့ချပြီး မြေဖုံးပေးရပါမည်။
- ပဲမြစ်ဖုဇီဝမြေဩဇာသုံးစွဲရာတွင် မြေခံအဖြစ် တီစူပါ ၅၆–၁၁၂ ပေါင်/ဧကနှင့် ပိုတက်ရှ် ၂၈–၅၆ ပေါင်/ ဧကတို့ ထည့်သွင်းပေးခြင်းဖြင့် မြစ်ဖုဖြစ်ပေါ်မှု ပိုမိုကောင်းမွန်ပြီး ပဲမျိုးအလိုက် ၂၇–၄၈ ရာနှုန်းအထိ အထွက်တိုးစေပါသည်။




### ထရိုင်ခိုဒါးမားမှို (Trichoderma)

ထရိုင်ခိုဒါးမားမှိုသည် သီးနှံမြေဆောင်ရောဂါများကို ကာကွယ်နှိမ်နင်းပေးနိုင်သော အဏုဇီဝ သက်ရှိမှိုတစ်မျိုးဖြစ်ပြီး အပင်အမြစ်ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ပါသည်။ အင်ဇိုင်းအမျိုးမျိုးနှင့် အပင်ကြီးထွားမှုကိုအားပေးသော ပဋိဇီဝပစ္စည်းများ ထုတ်နိုင်ပါသည်။ ခါးရိရောဂါများ၊ မြစ်ခြောက်ဆွေးရောဂါများ၊ ပင်ညှိုးရောဂါများနှင့် ပင်ရင်းပုပ်ရောဂါ အစရှိသည့်ရောဂါများကို ကာကွယ်နိုင်ပါသည်။

❝ မြန်မာနိုင်ငံတွင် မြေတစ်နေရာတည်း၌ နှစ်စဉ် စပါးပြီးစပါး ဆက်တိုက်စိုက်ပျိုးလာခြင်းကြောင့် မြေဆီလွှာအတွင်းရှိ အာဟာရဓာတ်များ လျော့နည်းလာပါသည်။ ထို့ကြောင့် လယ်သမားများ၏ဝင်ငွေ ပိုမိုတိုးတက်စေရန်နှင့် မြေဆီလွှာအာဟာရဓာတ် ထိန်းသိမ်းရန်အတွက် စပါးစိုက်ပျိုးအပြီး ပဲသီးနှံအား သီးထပ်စိုက်ပျိုးပေးသင့်ပါသည်။ (ဥပမာ - စပါး-ပဲ-စပါးသီးနှံပုံစံတွင် မိုးစပါးအပြီး မိုးနှောင်းတွင် စိုက်ပျိုးခဲ့သော ပဲသီးနှံ၏အရိုးအမှော်များ မြေတွင် ပြန်လည်ထယ်ထိုးမြေမြှုပ်ခြင်းသည် နွေစပါး အတွက် အထောက်အကူဖြစ် ❞

**အသုံးပြုနည်း**

- တစ်ဧကလျှင် ထရိုင်ခိုဒါးမားမှိုမျိုးထုပ် ၁၀ ထုပ် အသုံးပြုရမည်ဖြစ်ပါသည်။
- ထရိုင်ခိုဒါးမားမှိုမျိုးထုပ် ၁၀ ထုပ်အား ဖွဲနု ငါးပြည်နှင့်ရောစပ်၍ သမအောင်မွှေရပါမည်။
- နွားချေး နှစ်တင်း သို့မဟုတ် မြေဆွေး နှစ်တင်းအား ဖွဲနုရောထားသော ထရိုင်ခိုဒါးမားမှိုကို အစိုဓာတ်အနည်းငယ်ဖြင့် သမအောင်ရောစပ်၍ မွှေပေးရပါသည်။ ထို့နောက် ပလတ်စတစ်ဖြင့်လုံအောင် ဖုံးအုပ်ထားပေးရပါသည်။ တစ်ပတ်သို့မဟုတ် နှစ်ပတ်ခန့်ကြာ၍ မှိုမျှင်များတွေ့ရလျှင် အသုံးပြု၍ရပြီဖြစ်ပါသည်။
- မြေပြင်ချိန်တွင် ကြဲပက်၍ (သို့မဟုတ်) စိုက်ကြောင်းအတွင်း ဖြူးချပြီး ချက်ချင်းမြေပြန်ဖုံးပေးရန် လိုအပ်ပါသည်။











**အကျိုးကျေးဇူးများ**

- သီးနှံများတွင် ကျရောက်တတ်သော မြေဆောင်ရောဂါများကို ကာကွယ်နှိမ်နင်းနိုင်ခြင်း၊
- အပင်ကြီးထွားမှုကို အားပေးနိုင်ခြင်း၊
- လယ်ယာထွက်စွန့်ပစ်ပစ္စည်းများကို မြေဆွေးပုံပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် လျင်မြန်စွာ ဆွေးမြည့်စေနိုင်ခြင်း၊
- ဓာတုဆေးများသုံးစွဲမှုကို လျော့ကျစေနိုင်သဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေဘဲ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးနိုင်ခြင်း။

ဆက်လက်ဖော်ပြပါမည်။

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲ နောက်ဆုံးနေ့ လေ့လာကြည့်ရှုသူများ အထူးစည်ကား

**ရန်ကုန် မေ ၁၀**

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး ပတ်လမ်းတွင် မေ ၃ ရက်မှ ၁၀ ရက်အထိ အများပြည်သူလာရောက် လေ့လာနိုင်ရန် ပြသခဲ့သည်။

ယနေ့သည် နောက်ဆုံးနေ့ အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ရှိ ကျောင်းတိုက်များမှ ရဟန်းသံဃာတော်များ၊ သီလရှင်စာသင်တိုက်များမှ သီလရှင်များ၊ သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များ၊ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများ၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ လှိုင်၊ သန်လျင်၊ ခရမ်း၊ သာကေတ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရွှေပေါက်ကံမြို့နယ်တို့မှ လာရောက်ကြည့်ရှုသူ ပြည်သူအများ အထူးစည်ကားလျက်ရှိရာ ပြပွဲနှင့်ပတ်သက်၍ ရှုမြင်သုံးသပ်မှု သဘောထားအမြင်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**အရှင်ဝီရိယ**
**ရှင်မတောင်သရက္ခန်ကျောင်း**
**ရေစကြိုမြို့နယ်**
**မကွေးတိုင်းဒေသကြီး**

ဆဋ္ဌသင်္ဂါယနာတင် (နှစ် ၇၀ ပြည့်) အထိမ်းအမှတ်ပြပွဲမှာ ဆဋ္ဌသင်္ဂါယနာတင်ရာ သမိုင်းဝင်နေရာနဲ့ သာသနာ့သမိုင်း အသေးစိတ် အကြောင်းအရာတွေကို လေ့လာရတဲ့အတွက် လူငယ်တွေ တော်တော်များများ သိသွားတယ်။ သာသနာအတွက်၊ နိုင်ငံအတွက်၊ မျိုးဆက်သစ်လူငယ်တွေအတွက် အလွန်အကျိုးကျေးဇူးကြီးပါတယ်။ ဒီကနေ့ ကမ္ဘာ့အနေအထားအရ တင်းမာမှုတွေခံစားချက်တွေ သိပ်ပြီးများနေတဲ့အချိန်မှာ ဗုဒ္ဓရဲ့အဆုံးအမတွေကို သိရှိလိုက်နာကြမယ်ဆိုရင် မြန်မာပြည်အပါအဝင် တစ်ကမ္ဘာလုံး ငြိမ်းချမ်းလာမှာဖြစ်ပါတယ်။

အိန္ဒိယက သာသနာစတင်ထွန်းကားခဲ့ပေမယ့် မြန်မာနိုင်ငံလိုမျိုး ပရိယတ္တိ၊ ပဋိပတ္တိ အပြည့်အစုံမရှိတော့ဘူး။ မြန်မာနိုင်ငံမှာ သင်္ဂါယနာ နှစ်ကြိမ်တင်ခွင့်ရခဲ့တယ်။ နှစ်ကြိမ်စလုံး တန်ဖိုးဖြတ်လို့မရဘူး။ ဘုန်းကံရှိတဲ့ တိုင်းပြည်နဲ့ ဘုန်းကံရှိတဲ့ဒေသမှာ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေ ဦးဆောင်နိုင်စွမ်းရှိလို့ သာသနာကြီးတည်တာပါ။ ဒါက သာသနာတော်အတွက် အလွန်အရေးကြီးတဲ့ မှတ်တမ်းမှတ်ရာတွေဖြစ်ပါတယ်။ နောင်လာနောက်သားတွေအတွက် အဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တွေဖြစ်ပါတယ်။

**ဦးစိန်လင်း**
**ညွှန်ကြားရေးမှူး**
**သာသနာ့ရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ၊ သာသနာရေးဦးစီးဌာန**

ပဉ္စမသင်္ဂါယနာနဲ့ ဆဋ္ဌသင်္ဂါယနာကို မြန်မာနိုင်ငံမှာ ကျင်းပခဲ့တာဖြစ်လို့ မြန်မာနိုင်ငံသား ရဟန်းရှင်လူပြည်သူတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိခဲ့ပါတယ်။ သင်္ဂါယနာအဆင့်ဆင့်တင်လာတဲ့ အကျိုးဆက်တွေကြောင့် ထေရဝါဒနိုင်ငံအနေနဲ့ ဆဋ္ဌမူအဖြစ် သာသနာတော်ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ပြောရရင် ဒီဆဋ္ဌသင်္ဂါယနာ နှစ်(၇၀)ပြည့် အောင်ပွဲက ပရိယတ္တိစာပေဆိုင်ရာ သံဃအဖွဲ့အစည်း ဆင့်ဆင့်တွေအနေနဲ့ သာသနာတော်ကို ကမ္ဘာတည်သရွေ့ ဆက်လက်ထိန်းသိမ်းစောင့်ရှောက် သွားမှာဖြစ်ပါတယ်။ ဒီဆဋ္ဌသင်္ဂါယနာ နှစ်(၇၀)ပြည့် အောင်ပွဲကို နိုင်ငံတော်အကြီးအကဲတွေရဲ့ မျှော်မှန်းမှု၊ သာသနာအတွက်အထင်ကရဖြစ်တာကြောင့် ကျင်းပဖို့ ကုသိုလ်စိတ်တွေနဲ့ စီစဉ်ဆောင်ရွက်ခဲ့တယ်။ သဘာပတိဆရာတော်တွေရဲ့ အမေးအဖြေတွေက လွန်ခဲ့တဲ့နှစ် (၇၀) ပြည့်က ပုံရိပ်တွေကို ပြန်လည်ထင်ဟပ်စေပြီး ကြည်ညိုစရာ ကြည်နူးကုသိုလ် သဒ္ဓါတရားပွားရပါတယ်။ ရဟန်းရှင်လူပြည်သူအများလည်း ထပ်တူရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးတင်သိန်း**
**ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ၊ သာသနာရေးဦးစီးဌာန**

ကျွန်တော်တို့ သာသနာရေးဦးစီးဌာနက နေ့စဉ်ပြခန်းတွေမှာ တာဝန်ချထားပြီး ပြကွက်တစ်ကွက်ချင်းစီအလိုက် ရဟန်းရှင်လူပြည်သူတွေကို ရှင်းလင်းပြသပေးပါတယ်။ ရဟန်းရှင်လူ ပြည်သူအများလည်း အားတက်သရော ကြည်ညို သဒ္ဓါပွားတဲ့အတွက် ပီတိဖြစ်ရပါတယ်။ ဗုဒ္ဓသာသနာတော်ကြီး နေလိုလလို ထွန်းလင်းတောက်ပပြီး အများပြည်သူတွေ ကြည်ညိုသဒ္ဓါတရား ပွားများခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်။





**ကိုစိုးဝေလွင်**
**မရမ်းကုန်းမြို့နယ်**

မြန်မာနိုင်ငံမှာ သင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းဝင်နေရာနဲ့ အချက်အလက်ပြခန်းပြကွက်တွေက တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ ဗဟုသုတတွေ အများကြီးရတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။ ဒီလိုပြပွဲတွေ ပြသပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ဆုနွယ်ဝင်း**
**ဒဂုံဆိပ်ကမ်းမြို့နယ်**

စာပေထဲမှာ ဖတ်ရတာက ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ ကမ္ဘာအေးကုန်းမြေက ပထမသင်္ဂါယနာတင်ခဲ့တဲ့ အိန္ဒိယနိုင်ငံက သတ္တပဏ္ဏိလိုဏ်ဂူနဲ့ ပုံစံတူတည်ဆောက်ထားတာဖြစ်တဲ့အတွက် ကျွန်မတို့အနေနဲ့ ပထမသင်္ဂါယနာကို မမီခဲ့သလို အိန္ဒိယနိုင်ငံကို မသွားရောက် နိုင်သေးတဲ့အတွက် ဒီဆဋ္ဌသင်္ဂါယနာတင် လိုဏ်ဂူကြီးက ပထမသင်္ဂါယနာကိုပါ အမှတ်ရစေပါတယ်။ ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားမှာ ဆရာတော်ကြီးတွေ ဆဋ္ဌသင်္ဂါယနာတင်တာကို ကျွန်မတို့ ကြည်ညိုခွင့်ရခဲ့တယ်။ ခေတ်အဆက်ဆက် တင်ခဲ့သမျှ သင်္ဂါယနာမှာ ကျွန်မတို့မမီခဲ့ဘူး။ စာပေကနေ တစ်ဆင့်ပဲ လေ့လာခဲ့ရတယ်။ အခု ဆရာတော်ကြီးတွေ သင်္ဂါယနာတင်တာ ဒီလိုပါလားဆိုပြီး ကြည်ညိုခွင့်၊ နာယူခွင့်ရတယ်။ အခုလို လာရောက်လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတအများကြီး ရပါတယ်။ **သတင်းအဖွဲ့**


အရှင်ဝီရိယ


ကိုစိုးဝေလွင်


ဒေါ်ဆုနွယ်ဝင်း


ဦးစိန်လင်း


ဦးတင်သိန်း



# မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ကရင်ပြည်နယ်) အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ဘားအံ မေ ၁၀**

နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်နှင့်ညွှန်ကြားစာများကို လေးစားလိုက်နာပြီး ကျင့်ဝတ်နှင့်အညီ ဝန်ဆောင်မှုပေးနိုင်ရေး၊ အိမ်ခြံမြေကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အသင်းသားများ အရည်အသွေးမြင့်မား၍ အများပြည်သူအား ယုံကြည်စိတ်ချရသည့် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ကရင်ပြည်နယ်)၏ အသင်းသား စုံညီနှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၂၆-၂၀၂၉ ခုနှစ် သက်တမ်းကာလအတွက် အလုပ်အမှုဆောင်၊ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ဘားအံမြို့ Hotel Perfect Hpa-an ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ကရင်ပြည်နယ်)ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးဇော်ဌေးတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း (ကရင်ပြည်နယ်)ဥက္ကဋ္ဌက ကျေးဇူးတင် စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဝန်ဆောင်မှုအသင်း (ကရင်ပြည်နယ်)၏ ၂၀၂၆-၂၀၂၉ သက်တမ်းကာလအတွက် အလုပ်အမှုဆောင်၊ အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေမိုးရွာစေ ငွေမိုးဖြာစေ

❖ အလဇ္ဇီအသွင်
သက်မဝင်ဖို့
ဉာဏ်မြင်စူးရှ
အရှင်မဟာကဿပ၏
ကတဝေဒီ
မော်ကွန်းစီ၍
စုံညီငါးရာ
ရဟန္တာတို့
ဦးစွာတင်ရာ
ပထမသင်္ဂါယနာ၏
ဝေဖြာတင့်ဆန်း
မြတ်အောင်ပန်းကား
ဇာတ်လမ်းအစ
ထေရဝါဒ...။

❖ သာသနာပုံရိပ်
ကောင်းဂုဏ်ဟိတ်တို့
မဆိတ်သုဉ်းရန်
စိတ်ရည်သန်လျက်
ထေရ်စဉ်ဆက်
အသက်ဆက်၍
မပျက်သယ်ကြ
ဒု-တ-စ နှင့်
ပဉ္စမမည်သာ
သင်္ဂါယနာ၏
ထင်စွာပွင့်လန်း
တော်ဝင်ပန်းကား
မှတ်တမ်းတင်ပြ
ထေရဝါဒ...။

❖ ပိဋကတ်တန်ဖိုး
အမြတ်တိုး၍
စံထိုးပေတံ
တည်ရှိရန်သို့
ရည်သန်တောင့်တ
အာသီသဖြင့်
မရမ္မသံဃာ
ထေရ်ဆရာနှင့်
ဒါယကာအစိုးရ
သဒ္ဓါကြွလျက်
ဆဋ္ဌကြိမ်ခါ
သင်္ဂါယနာ၏
မြန်မာအောင်ပန်း
အောင်မြေလမ်းကား
မြတ်ကျမ်းစဉ်ပြ
ထေရဝါဒ...။

❖ ထေရဝါဒသာသနာ
ရွှေမြန်မာ၏
ထင်စွာမော်ကွန်း
ကမ္ပည်းမွှန်းလျက်
တင့်ထွန်းဝေဖြာ
ဆဋ္ဌသင်္ဂါယနာ၏
မဟာအောင်ပွဲတွေ့
ခုနှစ်ဆယ်ပြည့်ကို
ဝလေ့ထုံးစံ
တော်ဝင်ဟန်ဖြင့်
နတ်ဖန်အလား
မင်းမြတ်အားဖြင့်
တိုင်းသားပြည်သူ
လက်တွဲကူ၍
ညီတူဆင်နွှဲ
မြတ်အောင်ပွဲသည်
မစဲ ရွှေမိုးရွာစေသော်။
ကြည်ဖြူတင်ကဲ
မြတ်အောင်ပွဲသည်
မလွဲ ငွေမိုးဖြာစေသော်။
ဂုဏ်ယူထင်စွဲ
မြတ်အောင်ပွဲသည်
မကျဲ စွေဖြိုးလာစေသော်။ ။

ဒေါက်တာစိုးသူရ

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်းပင်မဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်ပြီးစီးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုနှင့် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်းပင်မဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်ပြီးစီးနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရေပိုလွှဲတွင် Hydraulic Elevated Dam (HED) တပ်ဆင်ခြင်းဖြင့် နှစ်စဉ် ယူနစ် ၁၀၄ သန်း ပိုမိုထွက်ရှိရာ အိမ်ထောင်စုပေါင်း ၂၀၀၀၀ ခန့် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်မည်ဖြစ်၍ ပုံစံထုတ်လုပ်ခြင်းနှင့် မြစ်ငယ်မြစ်ဝှမ်းဒေသများတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ ဆက်တိုက်ပေါ်ထွက်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး စက်ရုံအတွင်းနှင့် ရေလှောင်တမံ၏ ကွဲခိုင်ရေးအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် မိတ္ထီလာမြို့နယ်အတွင်းရှိ ၅၀၀ ကေဗွီ ပင်မဓာတ်အားခွဲရုံစီမံကိန်းသို့ ရောက်ရှိပြီး မြန်မာပြည်အောက်ပိုင်းဒေသများသို့လျှပ်စစ်ဓာတ်အားများပို့ဆောင်ရာတွင် ဝန်အားပိုမိုထမ်းဆောင်နိုင်ပြီး တည်ငြိမ်သော လျှပ်စစ်ဓာတ်အားပေးပို့နိုင်ရေးအတွက် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်သည် အလွန်အရေးကြီးသဖြင့် စီမံကိန်းအား စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ခန္တီးမြို့၌ တိုင်းရင်းကြက်မွေးမြူ ထုတ်လုပ်ရေး သင်တန်းဖွင့်

ခန္တီး မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် တိုင်းရင်းကြက်မွေးမြူ ထုတ်လုပ်ရေးသင်တန်းကို ခန္တီးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ မေ ၈ ရက်မှ စတင်ဖွင့်လှစ်သင်ကြားသည်။

သင်တန်းတွင် ခန္တီးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ခိုင်ထွေးက ကြက်အမျိုးအစားများ၊ မျိုးစပ်ခြင်းနှင့် မျိုးပွားဆိုင်ရာအချက်အလက်များ၊ ဥကြက်မနှင့် ကြက်ပေါက် ပြုစုစောင့်ရှောက်ခြင်း၊ အစာနှင့်ရေတိုက်ကျွေးခြင်း၊ ကြက်လည်လိမ် (i2) မျက်စဉ်းခပ်ကာကွယ်ဆေးဆိုင်ရာ များကို စာတွေ့လက်တွေ့ သင်ကြားပို့ချလျက်ရှိရာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ မေ ၈ ရက်မှ မေ ၁၂ ရက်အထိဖြစ်ကြောင်း သိရသည်။



**ကမ်းကီး(ပြန်/ဆက်)**

## သီပေါမြို့နယ် သစ်တောဦးစီးဌာနက အသိပညာပေးဟောပြောပွဲ ကျင်းပ

သီပေါ မေ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက သီပေါမြို့နယ် ဘော်ကြိုကျေးရွာ သာသနာ့ဗိမာန်၌ ကျင်းပသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲတွင် သီပေါမြို့နယ် သစ်တောဦးစီးဌာနမှ နယ်မြေတာဝန်ခံ တောအုပ်ကြီး ဦးအေးမင်းသူက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ရာ ဒေသခံပြည်သူ ၁၀၀ တက်ရောက်သည်။ အလားတူ စံဖိတ်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ နံနက် ၁၁ နာရီခွဲက အသိပညာပေး ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဒေသခံပြည်သူ ၉၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဖြင့် ချစ်သောကမ္ဘာမြေကို ကယ်တင်ကြမည်

**လင်းလင်း**



စာပေဟောပြောပွဲတစ်ခုမှ နားထောင်ခဲ့ရသည်ကို ပြန်လည်မျှဝေချင်ပါသည်။ နားထဲစွဲမြဲခဲ့ပြီး ယနေ့တိုင် မှတ်သားမိနေခြင်းလည်းဖြစ်သည်။ တစ်ခါက ရွာတစ်ရွာမှာ ဖိုးထောင်ဆိုသည့် အသက် ၂၀ ဝန်းကျင် လူငယ်တစ်ဦးနေထိုင်သည်။ ဖိုးထောင်က မိဘမရှိ၊ ပညာမတတ်။ ဆင်းရဲသည်မှာ ခါးတွင်ဝတ်ထားသည့် အဝတ်အထည်အပြင် အပိုမရှိ။ ဓားမတိုလေးတစ်ချောင်းသာပိုင်ပြီး ရွာထိပ်က အကြော်ဖိုတဲတွင် အိပ်ရသည်။ ထင်းခုတ်၍ အကြော်သည်ထံသွင်းရပြီး အကြော်သည်ကပေးသည့် ထမင်းကြမ်းခဲနှင့် အကြော်ကိုစားကာ အသက်ဆက်နေရသည်။ ထင်းသွားခုတ် အကြော်သည်ထံတွင်ရောင်းရင်း ဖိုးထောင်အသက်ရှင်သန်ခဲ့ရသည်။

ရက်၊ လ၊ နှစ်ကြာလာသည်နှင့်အမျှ ရွာအနီးဝန်းကျင်တွင် ခုတ်စရာထင်း ရှားပါးလာသည့်အတွက် ရွာနှင့်ဝေးသည့် တောအုပ်စိမ်းစိမ်းညို့ညို့ဆီသွားရန် ဖိုးထောင်ကြံစည်ရတော့သည်။ တောခြေရောက်သည့်အခါ သစ်ပင်တစ်ပင်ကို သွားတွေ့သည်။ သစ်ပင်ကဖြောင့်တန်းနေပြီး လုံးပတ်ကလည်း အတော်အသင့်ကြီးလေရာ ဖိုးထောင်၏ စိတ်ကြိုက်ဖြစ်သည်။ "ပွတာပဲ၊ ဒီအပင်ဆိုရင် ထင်းအများကြီးရမယ်၊ ပိုက်ဆံအများကြီးရမယ်" ဟု တွေးကာ ဓားမကိုထုတ်၊ ထင်းခုတ်တော့သည်။

ထိုအချိန်တွင် ယူနီဖောင်းဝတ်ထားသည့် လူတစ်ဦးရောက်လာသည်။ "ဟေ့ မင်း ဒါဘာလုပ်တာလဲ" ဟု ထိုလူကမေးသောအခါ "ထင်းခုတ်နေတာပါ" ဟု ဖိုးထောင်က ပြန်ပြောသည်။ "မင်းတော့ ပြဿနာတက်တော့မယ်။ ဒါဘာပင်မှတ်နေလဲ၊ ဒါကျွန်းပင်ကွ။ နိုင်ငံတော်က ပိုင်တယ်။ တရားဥပဒေ ပြဋ္ဌာန်းထားတယ်။ ကျွန်းတစ်ပင်ခုတ် ထောင် ၁၀ နှစ်တဲ့။ ဒီအပင်ကို မင်းခုတ်ရင် ထောင် ၁၀ နှစ်ကျတော့မယ်" ဟု ယူနီဖောင်းဝတ်ထားသူက ပြောသည်။

ထိုစကားကိုကြားသောအခါ ဖိုးထောင် ချွေးပြန်သွားပြီး စဉ်းစားတော့သည်။ "ဒါက ဘာပင်လဲ။ ဘာကြောင့် ဒီအပင်ကို ခုတ်တာနဲ့ ပြဿနာတက်ရမှာလဲ။ ရွာက သာအေး လူသတ်တာ ခုနစ်နှစ်ကျတယ် ကြားဖူးတယ်။ ဒီအပင်ခုတ်တာ ၁၀ နှစ်ဆိုတော့ အခုဒီလူကို ပိုင်းလိုက်ရင် သုံးနှစ်သက်သာမယ်ဆိုပြီး ဓားမတိုနှင့် ပိုင်းလိုက်ပါလေရော" ထောင်ဒဏ်သက်သာချင်ဇောနဲ့ လူသတ်လိုက်တဲ့ ဖိုးထောင်တစ်ယောက် လူသတ်မှုနဲ့ သစ်ပင်ခုတ်မှု ပြစ်ဒဏ်နှစ်ရပ်ပေါင်း ထောင်ဒဏ် ၁၇ နှစ် ကျသွားခဲ့သည်။ မယုံရင်ပုံပြင်မှတ်ဟု ဆိုကြသော်လည်း ဒီဇာတ်လမ်းတိုလေးက ဟောပြောသူစာရေးဆရာ၏ စာပေဉာဏ်ရင့်သန်မှု၊ စကားစွမ်းရည် အာဝဇ္ဇန်းနှင့် ပေါင်းစပ်လိုက်သည့်အခါ စိတ်နှလုံးသားထဲအထိရောက်ရှိပြီး သံမှိုစွဲသလို ထင်ကျန်ရစ်တော့သည်။

ဤဇာတ်လမ်းတွင် ဘယ်သူ့ကို သနားရမလဲ။ မသိမှုအဝိဇ္ဇာ၏ ကြောက်စရာကောင်းလှပုံကို တွေးတောမိသည်။ စီးပွားရေးအတွက် ဈေးကွက်ဝင်အပင်တစ်မျိုး၊ ထူးခြားပြီး တန်ဖိုးအရှိဆုံး ကျွန်းပင်ဆိုသည်ကို ဖိုးထောင်တစ်ယောက် နားမလည်နိုင်ရှာပါ။

ကမ္ဘာပေါ်တွင် ကျွန်းပင်တို့ သဘာဝအလျောက်ပေါက်ရောက်သည့် နိုင်ငံအနည်းငယ်သာရှိပြီး မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုသည် ကမ္ဘာ့ဈေးကွက်၏အကြိုက် အကောင်းဆုံးသော ပထမတန်းကျွန်းပင်များ ပေါက်ရောက်ရှင်သန်လေ့ရှိကြောင်း၊ သဘာဝအရည်အသွေး၊ ထူးခြားလှသည့်ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံသော ဈေးကွက်ဝင်ရောင်းပန်းလှသည့်မြန်မာ့ကျွန်းသစ်၏တန်ဖိုးကို ပညာမရှိ၊ ဗဟုသုတနည်းပါးလှသည့် ဖိုးထောင်မသိနိုင်ခဲ့။

> **"ဒ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတွင် သဘာဝကြောင့် ဖြစ်ရခြင်းသည် ၁၀ ရာခိုင်နှုန်းခန့်သာဖြစ်ပြီး လူသားတို့၏ ပယောဂကြောင့်ဖြစ်ရခြင်းသည် ၉၀ ရာခိုင်နှုန်းဖြစ်ကြောင်း အချက်အလက်များက ဖော်ပြထားသည်။ သို့အတွက် လူသားတို့၏ အသိ၊ သတိ၊ ဆောင်ရွက်လိုမှု၊ ဆောင်ရွက်တတ်မှု သတိတမံ ပညာဉာဏ်ဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ကြရမည်"**

**"တောပင်ကို တော်တော်ခုတ်ကြပ့်၊**
**တောပြုတ်လိမ့် နောက်နောင်။**
**တောခုတ်လို့ တောပြောင် မိုးခေါင်တော့မှာပဲ။**
**မိုးခေါင်လို့ ရေမကြွယ် သဲပင်လယ်ဖြစ်လိမ့်မလွဲ"** ဟု ဆရာဇော်ဂျီက သစ်ပင်သစ်တောတို့ကို မဆင်မခြင် ထုတ်ယူသုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးလာနိုင်ပုံနှင့် ဆက်စပ်၍ သတိပေး ရေးသားထားသည့်ကဗျာမှာ အမြဲနားရည်ဝကာ ထင်ရှားလှသည်။

၂၀၁၅ ခုနှစ် သစ်တောဖုံးလွှမ်းမှုဆန်းစစ်လေ့လာသုံးသပ်ချက်များအရ မြန်မာနိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းသည် သစ်တောဖုံးလွှမ်းနေပြီး မတူကွဲပြားသော ဂေဟစနစ်အမျိုးမျိုးတွင် သစ်တောအမျိုးအစားစုံလင်စွာ ပေါက်ရောက်ရှင်သန်နိုင်သည်။ ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ ရှား၊ ပိတောက်၊ ကညင်နှင့် ထင်းရှူး စသည့် အဖိုးတန်သစ်မျိုးများ၊ ဝါး၊ ကြိမ် စသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများလည်း ပေါက်ရောက်သည်။

### သစ်တောသယံဇာတ စုံလင်စွာတည်ရှိ

သစ်တောသယံဇာတအလွန်ကြွယ်ဝပြီး မြန်မာနိုင်ငံမြောက်ဖျားမှသည် တောင်ဖျားအထိ အအေးပိုင်းသစ်တောများ၊ ရွက်ပြတ်ရောနှောတောများ၊ အပူပိုင်းသစ်တောများ၊ အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ဒီရေတောနှင့် ရွှံ့နွံတောများ စုံလင်စွာတည်ရှိသည်။

အပင်မျိုးစိတ်ပေါင်း ၁၁၈၂၄ မျိုး၊ နို့တိုက်သတ္တဝါမျိုးစိတ် ၂၅၈ မျိုး၊ ငှက်မျိုးစိတ် ၁၀၉၈ မျိုး၊ လိပ်ပြာမျိုးစိတ် ၁၂၀၀၊ ရေချိုငါးမျိုးစိတ် ၅၂၀၊ သန္တာမျိုးစိတ် ၁၃၂ မျိုး၊ ဝါးမျိုးစိတ် ၁၀၂ မျိုးနှင့် ဆေးဖက်ဝင်အပင်မျိုးစိတ်ပေါင်း ၁၅၄၀ တို့ ရှင်သန်လျက်ရှိကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။

မြန်မာ့သစ်တောများမှထွက်ရှိသည့် အပင်မျိုးစိတ်များ၏ အမြစ်၊ အခေါက်၊ အနွယ်၊ မြက်၊ အစေ့၊ အဖူး၊ သစ်ဥသစ်ဖု၊ အဆီနှင့် အစေး၊ အမွေးနံ့သာ၊ ဆိုးဆေး၊ တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းများ၊ လျှော်၊ ဆေးဖက်ဝင်ငှက်သိုက်၊ လင်းနို့ချေး၊ ချိပ်၊ သစ်ခွ၊ မှို အစရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် ဒေသခံပြည်သူများအတွက် ဝင်ငွေရရှိရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်သည်။

သစ်တောများသည် ကမ္ဘာ့ကုန်းနေ ဇီဝမျိုးစုံမျိုးကွဲ ၈၀ ရာခိုင်နှုန်း၏ ခိုလှုံရာလည်းဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ ၁ ဒသမ ၆ ဘီလီယံခန့်သည် အစားအစာ၊ ဆေးဝါး၊ စွမ်းအင်နှင့် ဝင်ငွေအတွက် သစ်တောများကို တိုက်ရိုက်မှီခိုလျက်ရှိပြီး လူဦးရေ ၃၃ သန်းအတွက် အလုပ်အကိုင်များ ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအတွက် အရေးပါသည့်အရင်းအမြစ် သစ်ပင်သစ်တောတို့ကို ထိန်းသိမ်းကာကွယ်ရမည်။ သစ်ပင်သစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားရာ မူရင်းဒေသဖြစ်သဖြင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို မယိုယွင်း မပျက်စီးအောင် စောင့်ရှောက်ခြင်းလည်းဖြစ်သည်။

ယနေ့အချိန်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၏ အကျိုးဆက်အဖြစ် ကမ္ဘာတစ်ဝန်း ငလျင်လှုပ်ခတ်မှုများကို ခပ်စိပ်စိပ်ကြားသိလာရသည်။ မြန်မာနိုင်ငံသည်လည်း ပြီးခဲ့သည့်နှစ် မတ်လ ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး၏ဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည်။

ငလျင်ဘေးကဲ့သို့ပင် ရေကြီးခြင်းနှင့် မုန်တိုင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကိုလည်း မကြာခဏရင်ဆိုင်ကြုံတွေ့လာရသည်။ ဖန်လုံအိမ်ဓာတ်ငွေ့များ လေထုထဲတွင် လိုသည်ထက် ပိုမိုများပြားလာသည့်အကျိုးဆက်အဖြစ် ကမ္ဘာကြီးပူနွေးလာခြင်း၊ အပူချိန်မြင့်တက်လာခြင်းများကို ခံစားကြရသည်။

အလားတူ လေထုညစ်ညမ်းမှုကြောင့် ရောဂါကပ်ဘေးများကို ရင်ဆိုင်ကြုံတွေ့လာရပြီး ကျန်းမာရေးထိခိုက်ခြင်း၊ သေဆုံးမှုနှုန်းမြင့်တက်လာခြင်းများအထိ သက်ရောက်လာသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးလာမှုတို့သည် ငတ်မွတ်ခေါင်းပါးမှု၊ ဆင်းရဲမွဲတေမှုနှင့် စားရေရိက္ခာမလုံလောက်မှုများသို့ ဦးတည်စေသည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတွင် သဘာဝကြောင့်ဖြစ်ရခြင်းသည် ၁၀ ရာခိုင်နှုန်းခန့်သာဖြစ်ပြီး လူသားတို့၏ပယောဂကြောင့်ဖြစ်ရခြင်းသည် ၉၀ ရာခိုင်နှုန်းဖြစ်ကြောင်း အချက်အလက်များက ဖော်ပြထားသည်။ သို့အတွက် လူသားတို့၏ အသိ၊ သတိ၊ ဆောင်ရွက်လိုမှု၊ ဆောင်ရွက်တတ်မှု သတိတမံ ပညာဉာဏ်ဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ကြရမည်။

မြန်မာ့သစ်တောများ၏ ကာဗွန်စုပ်ယူနိုင်စွမ်းသည် လက်ရှိအနေအထားမှာပင် ကမ္ဘာ့နိုင်ငံအများအပြားထက် သာလွန်နေဆဲဖြစ်သော်လည်း ထိုအခြေအနေမှ ယုတ်လျော့မသွားစေရန် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဂေဟစနစ်ကောင်းမွန်စေရန် သစ်တောများ ပြန်လည်စိုက်ပျိုးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆောင်ရွက်ခြင်း၊ မြေ၊ ရေ၊ လေထုညစ်ညမ်းမှုလျှော့ချနိုင်ရေး အစီအမံများချမှတ်ခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေး၊ စီးပွားရေးလုပ်ငန်းများ အားပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ အားကောင်းစေရေး ဆောင်ရွက်ခြင်းတို့သည် မဖြစ်မနေလုပ်ဆောင်သင့်သည့် အချက်များဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကောင်းမွန်ခြင်းသည် ရာသီဥတုကို ညီညွတ်မျှတစေသည်။ သစ်တောများ၊ တောတောင်ရေမြေတို့သည် မိုးရေကို စုပ်ယူသိုလှောင်ကာ မြစ်ချောင်းအင်းအိုင်များကို ရေအဆက်မပြတ် ဖြည့်တင်းပေးသည်။ သီးနှံပိုးမွှားများကို သဘာဝအတိုင်း ထိန်းညှိပေးပြီး မြေဆီသြဇာပြည့်ဝသည့်အတွက် ကောက်ပဲသီးနှံတို့ အောင်မြင်ဖြစ်ထွန်းကာ စားရေရိက္ခာပြည့်စုံစေသည်။ သစ်ပင်ပန်းပင်တို့သည် ရာသီအလိုက် ဖူးချိန်တန်ဖူး၊ ပွင့်ချိန်တန်ပွင့်ကြပြီး ရာသီဥတုစက်ဝန်းကို မှန်စွာအကျိုးပြုစေနိုင်သည်။

စာမျက်နှာ ၁၁ သို့ ❐

# ခပေါင်းဆည်ရေသောက် နွေစပါးနှင့် နွေသီးနှံစိုက်ကေများ အောင်မြင်ဖြစ်ထွန်း



တောင်ငူ မေ ၁၀

ခပေါင်း ရေလှောင်တမံသည် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း တည်ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၈၇၈၅၇၀ ဖြစ်ပြီး နှစ်စဉ် နွေစပါးနှင့် နွေသီးနှံများကို ဆည်ရေပေးဝေလျက်ရှိသည်။

ခပေါင်းဆည် ရေသောက်ဧရိယာအတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးလျာထားဧက ၂၇၄၄၄ ဧကနှင့် နွေသီးနှံလျာထားအား ၁၂၅၄၆ ဧကဖြစ်ပြီး တောင်ငူမြို့နယ်တွင် နွေစပါးလျာထားဧက ၁၂၆၀၈ ဧကနှင့် နွေသီးနှံလျာထား ဧက ၆၇၃ ဧက စုစုပေါင်း ၅၃၂၇၁ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ ခပေါင်းဆည်ရေသောက်၏ မေ ၁၀ ရက် ရေသိုလှောင်ပမာဏမှာ ၃၅၁၅၉၆ ဧကပေဖြစ်ပြီး နွေစပါးနှင့် နွေသီးနှံစိုက်ကေများအတွက် စိုက်ပျိုးရေလုံလောက်စွာ ဆက်လက် ပေးဝေနိုင်မည်ဖြစ်သည်။

ခပေါင်းဆည်ရေသောက်စနစ်အတွင်း နှစ်စဉ်နွေရာသီ သီးနှံစိုက်ပျိုးနိုင်ရေး ပန်းတိုင်အထွက်နှုန်းပြည့်မီ ကျော်လွန်နိုင်ရေးနှင့် ဆည်ရေပေးဝေမှု စနစ်များကောင်းမွန်စေရေး အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနအနေဖြင့် တူးမြောင်းအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရန် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)



# မြဝတီမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မြဝတီ မေ ၁၀

ကရင်ပြည်နယ် မြဝတီမြို့ သန့်ရှင်းသာယာလှပရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယနေ့နံနက် ၈ နာရီမှစတင်၍ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထိုသို့ဆောင်ရွက်ရာ၌ ကရင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေးနှင့် တာဝန်ရှိသူများက အမှတ် (၄)ရပ်ကွက် မြေနီကုန်းဘုရားလမ်းရှိရေမြောင်းများ၊ ခရိုင်မီးသတ်ဦးစီးဌာနရုံးအရှေ့ နတ်သျှင်နောင်လမ်းရှိ ရေမြောင်းများ၊ စီးတီးဟုန်းစားသောက်ဆိုင်၏ အနောက်ဘက်ပန်းခြံပတ်လမ်းရှိရေမြောင်းများ၊ ခရိုင်ပြည်သူ့ဆေးရုံ၏ အနောက်ဘက်ရှိ ရေမြောင်းများ၊ အမှတ် (၁)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှေ့ရှိ ရေမြောင်းများကို ရေစီးရေလာကောင်းမွန်စေရေးနှင့် ပိတ်ဆို့မှုမရှိစေရေးအတွက် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# ချောက်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး



ချောက် မေ ၁၀

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀ )စီမံချက်ဖြင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့နံနက် ၉ နာရီတွင် ချောင်းတက်ကျေးရွာအုပ်စု ချောင်းတက်ကျေးရွာမှ ပြည်သူ ၂၃ ဦးတို့အား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အသက် (၁၀) နှစ်နှင့် အထက် နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်ပေးခြင်း၊ အသက် (၁၈) နှစ်ပြည့်နှင့် ဟောင်းနွမ်းပျက်စီးမှုများကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်းနှင့် UID ကတ်ပြားများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

# မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဌာနာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ယမန်နေ့ မွန်းလွဲပိုင်းက မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် အလုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းမြင့်၊ မြို့နယ်ဥပဒေရုံး ဥပဒေအရာရှိ ဦးညီဆက်နိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစံသိန်း၊ အမှတ် (၅၀) ယာဉ်ထိန်းတပ်ဖွဲ့စု (အလုံ) တပ်ဖွဲ့စုမှူး ဒု-ရဲမှူး ရဲလင်းတို့က မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောကြပြီး တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# ရန်ကုန်တောင်ပိုင်းခရိုင် GEC လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့်၂၀၂၆- ၂၀၂၇ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ချီးမြှင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ သဘာပတိ ဦးတင့်ဝေဦးက အမှာစကားပြောကြားပြီး အထက်တန်းအဆင့်သုံးဦး၊ အလယ်တန်းအဆင့် တစ်ဦး၊ မူလတန်းအဆင့်သုံးဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့် ဗလာစာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်ကျော်မိုး

# ရန်ကင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁၂)ရပ်ကွက်နေပြည်သူများအား မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် သဃ်န်းကျွန်းခရိုင်လဝက ဦးစီးမှူးဦးရန်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းအောင်တို့က ကြီးကြပ်၍ အသက် (၁၀နှစ်/၁၈နှစ်)နှင့်အထက် ရပ်ကွက်နေ ပြည်သူများအား ဟောင်းနွမ်းပျက်စီးမှတ်ပုံတင်များ အသစ်လဲလှယ်ပြုလုပ်ပေးခြင်းနှင့် UID ကတ်တစ်ပါတည်းထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



❐ စာမျက်နှာ ၁၀ မှ

သစ်ပင်ပန်းမန်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူကာ အောက်ဆီဂျင် ထုတ်လွှတ်ပေးသလို လေထုထဲရှိ ဖုန်မှုန့်နှင့် အဆိပ်သင့်ဓာတ်ငွေ့များကိုလည်း စစ်ထုတ်သန့်စင်ပေးနိုင်သည့်အတွက် ကျန်းမာရေးကို အထောက်အကူပြုစေသည်။

ဂေဟစနစ်ကောင်းမွန်ခြင်းသည် လူသားတို့၏ ရှင်သန်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကမ္ဘာကြီး၏ ရေရှည်တည်တံ့မှုအတွက် အဓိကသော့ချက်ဖြစ်သည်။ ဂေဟစနစ်ကောင်းမွန်သောဒေသများသည် သဘာဝအခြေခံခရီးသွားလုပ်ငန်း(Eco-tourism)ကို ဖွံ့ဖြိုးစေပြီး ဒေသခံများအတွက် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်။

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကောင်းမွန်ခြင်းသည် စားရေရိက္ခာ၊ ကျန်းမာရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးအထိ သက်ရောက်စေပြီး လူ့အဖွဲ့အစည်းအတွက် အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးနိုင်ရာ လူသားတိုင်းတွင် ဖိုးထောင်ကဲ့သို့ အတွေးအခေါ်များ မတိမ်းချော်ရအောင် သစ်ပင်၊ ပန်းပင်၊ ရေမြေ တောတောင်များကို မြတ်နိုးတန်ဖိုးထားတတ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပြည့်ဝစေရန် ငယ်စဉ်ကပင် ပျိုးထောင်ကြရမည်ဖြစ်သည်။

သို့မှသာ လူသားတို့၏ပယောဂကြောင့် ယိုယွင်းပျက်စီးစပြုလာသည့် ကမ္ဘာမြေကြီးကိုကယ်တင်ပြီး သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းခြင်းဖြင့် ပြုပြင်ကုစားကာ မိမိတို့၏ သားသမီး မြေးမြစ်၊ အနာဂတ်မျိုးဆက်သစ်များလက်ထက်တွင် သာယာလှပသည့် သဘာဝပတ်ဝန်းကျင်၊ ကျန်းမာသည့် ကမ္ဘာမြေ၊ ပျော်ရွှင်စရာ လူ့အဖွဲ့အစည်းကို ဖန်တီးလိုက်ကြရအောင်ဟု တိုက်တွန်းလိုပါသည်။ ။

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၆ ခုနှစ် မေလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှု ရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ၂၀၂၆ ခုနှစ်၊ မေလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၁။ အနောက်တောင်မုတ်သုံလေသည် မေ ၁၃ ရက်မှ ၁၇ ရက် အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေ ၁၈ ရက်မှ ၂၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း အသီးသီး ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင် မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

၂။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

၄။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် မေလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

၅။ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် သုံးပေခွဲမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

၆။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

၇။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **မိုး/ဇလ**

## သထုံမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်လှစ်

**သထုံ မေ ၁၀**

မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအကြား ပိုမိုနီးကပ်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ဘင်လှိုင်ရပ်ကွက်ရှိ အဆိုပါရုံး၌ ကျင်းပသည်။

ဦးစွာ လွှတ်တော်ကိုယ်စားလှယ်ရုံးအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခြင်းဖြင့် ပြည်သူများ၏အခက်အခဲများ၊ ဒေသလိုအပ်ချက်များနှင့် တိုင်ကြားတင်ပြချက်များကို အချိန်နှင့်တစ်ပြေးညီ လက်ခံဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**



## ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်း နှံ့စပါးစိုက်တောင်သူများနှင့်တွေ့ဆုံ သစ်စိမ်းမြေဩဇာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းသည် မေ ၈ ရက်က ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ ကြို့ကုန်းကျေးရွာအုပ်စုနှင့် ကြို့ပင်ကောက်မြို့နယ် အောင်ပင်သာကျေးရွာမှ နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး တောင်သူများအား သစ်စိမ်းမြေဩဇာ ပြုလုပ်ရန် ပိုက်ဆံလျှော်မျိုးစေ့များ ထောက်ပံ့ပေးအပ်ကာ ရေဆင်းပေါ်ဆန်း–၁ မျိုးသန့်မျိုးပွား မျိုးစေ့ထုတ်စိုက်ခင်းနှင့် နွေစပါးအောင်နိုင်တိုး ဧက ၃၀ စံပြကွက်အား စုပေါင်းမြေဩဇာကြဲပက်ပွဲကို ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ပြည်မြို့ရှိ သာလီစွာသဘာဝမြေဩဇာထုတ်လုပ်ငန်း၊ အုတ်ဖိုမြို့နယ်ရှိ ဒီကို (Deko) အမှတ်တံဆိပ် အဆင့်မြင့်စူပါဘိုကာရှီ သဘာဝမြေဩဇာ ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုပြီး သာယာဝတီမြို့၌ Rice Export Zone စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သည့် တောင်သူများနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးကာ သစ်စိမ်းမြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပခုက္ကူမြို့ရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ပခုက္ကူ မေ ၁၀

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် ယမန်နေ့နံနက်ပိုင်းက ပခုက္ကူတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**ပေးအပ်ချီးမြှင့်**

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အမှာစကားပြောကြားကာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန် ၄၀၂ အိတ်၊ ဆီ ၁၂၀၇ ပိဿာ၊ ကုလားပဲအိတ် ၅၀ တို့ကို နယ်မြေခံတပ်နယ်မှူး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့ထံ ထောက်ပံ့ပေးအပ်ပြီး ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပခုက္ကူပညာရေးဒီဂရီကောလိပ် မဟာသရေစည်သူဦးဘခန်းမ၌ ဆရာ ဆရာမများ၊ ပညာရေးနှင့် နည်းပညာဒီပလိုမာသင်တန်းအမှတ်စဉ် (၂/၂၀၂၆) သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး ပြင်ဦးလွင်မြို့နယ် သစ်တောမြေအတွင်း ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ




**နေပြည်တော် မေ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးသည် ယမန်နေ့မွန်းလွဲပိုင်းက ဒိုးကွင်းပျိုးဥယျာဉ် ရှင်းလင်းဆောင်ခန်းမ၌ ပြင်ဦးလွင်မြို့နယ် သစ်တောမြေအတွင်း ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သစ်တောနယ်မြေများ အတွင်း တရားဝင်ခွင့်ပြုချက်မရှိဘဲ မွေးမြူရေးလုပ်ငန်းများ ပြုလုပ်နေခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိသည့်အပြင် သစ်တောမြေ အသုံးချမှုကိုလည်း ပြောင်းလဲစေသဖြင့် ခွင့်ပြုနိုင်ခြင်းမရှိပါကြောင်း၊ နိုင်ငံတော်က ခွင့်ပြုထားသောနေရာများတွင်သာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီသာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ သစ်တောကျောင်းအတွက် နှစ်ထပ်စာသင်ဆောင်၊ နှစ်ထပ်သင်တန်းသားအိပ်ဆောင်နှင့် ဘက်စုံသုံးသင်တန်းခန်းမ ဆောက်လုပ်ရန် မြေနေရာရွေးချယ်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဟိုပုံးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပေးအပ်

ဟိုပုံး မေ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် မိုင်းလင်းကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အမှာစကားပြောကြားပြီး မိုင်းလင်းကျေးရွာအုပ်စုမှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) ၂၂၀၊ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ၁၄၅ ကတ်၊ အသက်(၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ၃၄၃ ကတ်ကို ကာယကံရှင်များ လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)






# မတ္တရာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး

မတ္တရာ မေ ၁၀

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် Biometric (UID) ကောက်ယူခြင်းလုပ်ငန်းများ နေ့ချင်းပြီး ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မတ္တရာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အသက် (၁၈) နှစ်ပြည့်ပြီးသူများအား မြို့နယ်လဝကဦးစီးမှူး ဦးကျော်သီဟစိုးနှင့် ဝန်ထမ်းများက နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက အသက် (၁၀) နှစ်ပြည့်နှင့် (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ရွှေရာသား

# မိုင်းရယ်မြို့၌ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေသုံးစွဲရေးအစီအစဉ် သင်တန်းဖွင့်

မိုင်းရယ် မေ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာမှ ကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရေးအစီအစဉ် သင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးနှင့် စီမံကိန်းဝန်ထမ်းများက မန်ကျောင်းကျေးရွာနှင့် လွယ်ဆိုင်ကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရေးအစီအစဉ် သင်တန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပေါက်ခေါင်းမြို့နယ်၌ နွေစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

ပေါက်ခေါင်း မေ ၁၀

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမကဏ္ဍမှ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ် ၂ ဒသမ ၅ သိန်းနှုန်းနှင့်ညီမျှသော မျိုးနှင့် သွင်းအားစုများ ပံ့ပိုးရယူဆောင်ရွက်လျက်ရှိသည့် ဝက်တိုးကျေးရွာ အသင်းသားတောင်သူ ဦးသိန်းဦး၏လယ်မြေတွင် စိုက်ပျိုးထားသော ရေဆင်းပေါ်ဆန်း-၂ စပါးစိုက်ခင်းအား သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် မြို့နယ်အသင်းစုတို့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကိုစာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာမ မေလတ်ဟန်၏ "ကျောင်းဆရာမလေးဖြစ်ချင်တယ်နှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် ရှမ်းပြည်နယ်ရှိ မြန်မာစကားမတတ်သော တပည့်ကလေးများထံ သွားရောက် စာသင်ကြားပေးရသော ကျောင်းဆရာမတစ်ဦး၏ ကိုယ်ချင်းစာနာမှုနှင့် ရိုးသားသောတပည့်များအပေါ် ထားရှိသော စေတနာ၊ မေတ္တာတို့ကို ရေးဖွဲ့ထားပုံ၊ ကျူရှင်သင်သော ကျောင်းဆရာမတစ်ဦးနှင့် ကျူရှင်မတက်နိုင်သော ကျောင်းသားတစ်ဦးတို့၏ ဆင်ခြင်နိုင်စရာဖြစ်ရပ်၊ ထိုင်းနိုင်ငံ ICONSIAM ဈေးရောင်းစင်တာရှိ စားသောက်ဆိုင်မှ မြန်မာအမျိုးသမီးလေးတစ်ဦး၏ ဘဝအတွေ့အကြုံ၊ မူးယစ်ဆေး၏သားကောင်ဖြစ်ခဲ့ရသော သားကို တင့်တယ်မြင့်မြတ်သောဘဝသို့ ရောက်အောင် ပို့ဆောင်ပေးခဲ့သော မိခင်တစ်ဦးအကြောင်း၊ ဘဝတွင် ရိုးသားသော်လည်း စာဖတ်နည်းသောသူနှင့် စာဖတ်များသောသူ၏ စာရိတ္တမဏ္ဍိုင်တို့ ကွာခြားမှုကို တင်ပြထားပုံနှင့် မိခင်အပေါ် နူးညံ့သောမေတ္တာတရားနှင့် ခွင့်လွှတ်တတ်သောစိတ်စေတနာရှိသူ မိဘမဲ့ဂေဟာတစ်ခုမှ မိန်းကလေးတစ်ဦး၏ အကြောင်းစသည်ဖြင့် လောကဓာတ်ခံပေါ်မှ လူ့စရိုက်အဖုံဖုံကို ရေးဖွဲ့ခြယ်မှုန်းထားသော ဝတ္ထုတို ၁၅ ပုဒ် ပါဝင်သည်။ လောက၏ ပကတိဖြစ်စဉ်များကို တင်ပြပုံရိုးစင်းစွာဖြင့် မြင်သာအောင် မီးမောင်း ထိုးပြထားသောကြောင့် ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကား မှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## "ပထမဥပဒေသနှင့် အာရှလူငယ်ဝတ္ထုတိုများ" စာအုပ် ထုတ်ဝေဖြန့်ချိ

စာပေဗိမာန် ဘာသာပြန်ဌာန စာတည်းအဖွဲ့က ဘာသာပြန်ဆိုသော "ပထမဥပဒေသနှင့် အာရှလူငယ်ဝတ္ထုတိုများ" စာအုပ်ကို စာပေဗိမာန်က ထုတ်ဝေလိုက်သည်။

ဤစာအုပ်တွင် အာရှနှင့် ပစိဖိတ်ဒေသမှ ကလေးငယ်တို့၏ မတူညီသော ယဉ်ကျေးမှု၊ အတွေးအခေါ်အယူအဆနှင့် လူနေမှုပုံစံများကို ရေးသားထားသည့် ဝတ္ထုတို(၇)ပုဒ် ပါဝင်ပါသည်။ အီရန်နိုင်ငံက ရေးသားသည့် "ပထမဥပဒေသ"၊ မြန်မာနိုင်ငံက ရေးသားသည့် "သရဲခြောက်သည့်အိမ်ကြီး"၊ အိန္ဒိယနိုင်ငံက ရေးသားသည့် "လေးခွနှင့် ကောင်လေး"၊ ကိုရီးယားနိုင်ငံက ရေးသားသည့် "ပထမဆုံးဂုဏ်ပြုဆု"၊ ထိုင်းနိုင်ငံက ရေးသားသည့် "ကြောင်ကိုတောထဲသို့ပစ်ခြင်း"၊ ပါပူဝါနယူးဂီနီနိုင်ငံက ရေးသားသည့် "မင်နလူ၏ လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်" နှင့် ပါကစ္စတန်နိုင်ငံက ရေးသားသည့် "ဘဟာဒူ အလီ" တို့ ဖြစ်သည်။

စာအုပ်ပါ ဝတ္ထုတိုများသည် ကလေးလူငယ် သဘာဝကို သရုပ်ဖော်ရေးသားထားသဖြင့် ကလေးလူငယ်အရွယ်တွင် တွေ့ကြုံကြရသည့် အပြုအမူ၊ အလေ့အထ၊ မိသားစုနှင့် ပတ်ဝန်းကျင် စသည်တို့ကို သိရှိနိုင်ပြီး ဝတ္ထုတိုရေးသားသည့် အာရှနှင့် ပစိဖိတ်နိုင်ငံများ အချင်းချင်း ယဉ်ကျေးမှုနှင့် အလေ့အထများ ဖလှယ်နိုင်ပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးပွားနိုင်စေသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်တွင် စာမျက်နှာ ၁၂၁ မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ရန်ကုန် အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

## ကျိုက်ထိုမြို့ ဘုရားသုံးဆူ တောင်တော်သမိုင်း




ဘုရားသုံးဆူကျောင်း ဆရာတော် ဘဒ္ဒန္တတေဇဝန္တ ရေးသားသည့် ကျိုက်ထိုမြို့ ဘုရားသုံးဆူ တောင်တော်သမိုင်းစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ဘုရားသုံးဆူတောင်၏ အမည်နာမများနှင့် အမည်တွင်ပုံ၊ သောဏထေရ်နှင့် ဥတ္တရထေရ်ကြွလာခြင်း၊ အသောကမင်းကြီး၏အကြောင်း အကောင်းအဆိုးများ၊ မဟာဂုရုပဗ္ဗတတောင်အမည်မှ ဘုရားသုံးဆူတောင်တော် အမည်တွင်လာပုံ၊ ဒေါ်လုံမ၏ အိပ်မက်၊ ဘုရားသုံးဆူဘိုးဘိုးကြီးနှင့် ကျိုက်ပေါလောမဲ့ရှင်ဘုရား၊ မဟာဂုရုရသေ့ကြီး ဦးဆောင်၍ ကျိုက်ပေါလောဘုရားပင့်ဆောင်ပုံ၊ ဘုရားသုံးဆူတောင်နှင့် ကျိုက်ထီးရိုးဘုရား၊ ဘုရားသုံးဆူရသေ့ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်ခဲ့သော ဆရာတော်ကြီးများ၊ ဘုရားသုံးဆူဆရာတော် ဦးနန္ဒမာလာ၏ ထေရုပ္ပတ္တိ၊ ဘုရားသုံးဆူတောင်၌ ဘုရားစေတီပုထိုး၊ သာသနိကအဆောက်အဦများ တိုးတက်ဖြစ်ပေါ်လာခြင်း၊ သောဏုတ္တရစေတီအားပြန်လည်တည်ထားကိုးကွယ်ရန် အကြံတော်ဖြစ်ပေါ်ခြင်း၊ သောဏုတ္တရစေတီဟောင်းမှ ဓာတ်တော်များနှင့် စေတီတော်သစ်တည်ရန် ဓာတ်တော်များပင့်ဆောင်ခြင်း၊ ပေါ်တော်မူကျိုက်ထီးရိုးဘုရားကို တည်ထားတော်မူခြင်း၊ စာသင်တိုက် စတင်ဆောင်ရွက်ခြင်း၊ ထိုင်တော်မူ ဂေါတမဗုဒ္ဓမြတ်စွာဘုရားကြီး၊ မဟာဗောဓိစေတီအစ ဘုရားဒါယိကာမကြီး ဒေါ်အုန်းမြင့်က၊ စတုဒိသာအစ ကော့ထင်းကျေးရွာက၊ ဘုရားသုံးဆူဘိုးဘွားရိပ်သာ၊ ဘုရားသုံးဆူ သီတဂူအာရောဂျဒါန သံဃာ့ဆေးရုံ စသည့်အကြောင်းအရာများပါဝင်သည်။ စာအုပ်ကို ဘုရားသုံးဆူကျောင်း ကျိုက်ထိုမြို့ ဖုန်း ၀၉-၇၈၅၃၁၁၃၄၇မှ ဖြန့်ချိသည်။

## မေတ္တာစိတ်ဖြင့် နေထိုင်ခြင်း




မောင်ရင့်ကျူး (မြောင်းမြ)ရေးသားသည့် မေတ္တာစိတ်ဖြင့် နေထိုင်ခြင်းစာအုပ် ထွက်ရှိလာသည်။

မေတ္တာစိတ်ဖြင့် နေထိုင်ခြင်းစာအုပ်တွင် မေတ္တာစွမ်းအား၊ မေတ္တာတရား အထူးပွား၊ မေတ္တာနံ့က ငြိမ်းချမ်းကြ၊ မေတ္တာအကျိုးတရားများ၊ မေတ္တာဟူသည် ထက်မြက်သောအင်အား၊ မေတ္တာလက်နက်၊ မေတ္တာတန်ခိုး အကျိုးအာနိသင်၊ မေတ္တာမျက်လုံးဖြင့်သာ ကြည့်ရှုပါ၊ ရန်ပြေမာန်ပြေတရား၊ မေတ္တာစစ်၊ ကြိုက်ရာရွေး လမ်းနှစ်သွယ်၊ မေတ္တာစိတ်ဖြင့် နေထိုင်ခြင်း၊ နတ်တို့၏ ချစ်ခြင်းမေတ္တာကို ခံယူလိုသော်၊ အတုအယောင်မေတ္တာ၊ မေတ္တာစွမ်းအား ယဉ်ကျေးမှုတရား၊ တစ်ဦးမေတ္တာ တစ်ဦးမှာ၊ မီးလောင်ခံရသူများ၊ မေတ္တာထားနိုင်ကြပါစေ၊ မေတ္တာရှင် မင်းမြတ်၊ ဦးစွာ မေတ္တာမပို့သင့်သော ပုဂ္ဂိုလ်များ၊ မေတ္တာလုံးဝမပို့သင့်သော ပုဂ္ဂိုလ်များ၊ ရှေးဦးစွာ မေတ္တာပွားသင့်သော ပုဂ္ဂိုလ်များ၊ နို့တစ်ညှစ်စာ ပို့မေတ္တာ၊ ချစ်ခင်လူနတ် ပုဂ္ဂိုလ်မြတ်၊ ဘဝတစ်ပါး ပြောင်းသွားခါနီး အားကိုးစရာ၊ မေတ္တာသုတ်ရွတ်ပွားကြ၊ အကောင်းဆုံးအိပ်ဆေး၊ မေတ္တာဆေး၊ မြတ်စွာဘုရားဟောကြားတော်မူသောဂါထာ၊ အကာအကွယ် အရံအတား၊ မေတ္တာအကျိုး တစ်ဆယ့်တစ်ပါး၊ မေတ္တာမဟုတ်သော ဒေါသ၊ ဒေါသဖြစ်ကြောင်း လေးပါး၊ မြတ်သောနေထိုင်ခြင်း၊ မေတ္တာစွမ်းရည်နှင့် ဒေါသစွမ်းရည်၊ မေတ္တာ၏ ဆန့်ကျင်ဘက် စသည့်အကြောင်းအရာများ ပါဝင်သည်။

စာအုပ်ကို သီရိရတနာစာပေ၊ ဖုန်း ၀၉-၅၁၂၅၂၈၅၊ ၀၉-၂၅၀၂၅၉၃၇၉၊ အမှတ် (၂၃)၊ ဗဟန်း (၂)လမ်း၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဆုံမှတ် (မိသားစုလက်စွဲ ကျန်းမာရေးလမ်းညွှန်)




ဆရာမြင့် (စကြာမင်း)ရေးသားသည့် ဆုံမှတ် (မိသားစုလက်စွဲ ကျန်းမာရေးလမ်းညွှန်)စာအုပ် ထွက်ရှိလာသည်။

ဤစာအုပ်သည် တိုင်းရင်းဆေးပညာရှင် ဆရာလန်း၏ အနှစ်သာရရှိလှသော ရှေးဦးအယူအဆများနှင့် ခေတ်သစ်ဆေးပညာရှင် ဒေါက်တာမင်းနိုင်တို့၏ သိပ္ပံနည်းကျ ဆေးပညာရပ်များကို ပေါင်းစပ်နှီးနှောဖလှယ်ထားသည့် ဆေးပညာနှစ်ရပ်၏ ဆုံမှတ်တစ်ခုဖြစ်သည်။ အနောက်တိုင်းဆေးပညာ၏ တိကျသေချာမှုနှင့် အရှေ့တိုင်း တိုင်းရင်းဆေးပညာ၏ သဘာဝကျမှုတို့ကို ပေါင်းစပ်ထားသည့် ကျန်းမာရေးအလင်းအိမ်တစ်ခုဖြစ်သည်။

ဆုံမှတ် (မိသားစုလက်စွဲ ကျန်းမာရေးလမ်းညွှန်)စာအုပ်သည် စာဖတ်သူတို့အား အနောက်တိုင်းဆေးပညာအယူအဆများနှင့် မြန်မာ့တိုင်းရင်းဆေးပညာ သဘောတရားများကို ပေါင်းစပ်ညှိနှိုင်းကာ အလွယ်တကူသိမြင်နားလည် သဘောပေါက်အောင်၊ လက်တွေ့အသုံးချနိုင်အောင် ရှင်းလင်းတိကျစွာ ရေးသားထား၍ အိမ်တိုင်းဆောင်ထားသင့်သော အသက်ကယ်လမ်းညွှန်စာအုပ်ဖြစ်သည်။ လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအသိပညာကို မြှင့်တင်ပေးရန်နှင့် ရောဂါဝေဒနာများမဖြစ်ပွားမီ ကြိုတင်ကာကွယ်နိုင်ရန် အိမ်တွင်းလက်စွဲလမ်းညွှန်တစ်ခုအဖြစ် ရည်ရွယ်ထားကြောင်း စာရေးသူက ဆိုသည်။

စာအုပ်ကို မြင့်မြတ်မြန်မာစာပေ၊ ဖုန်း ၀၉-၄၃၀၈၃၄၇၇၊ ၀၉-၇၃၁၉၇၅၂၄၊ အမှတ်(၆၆၆) သုခမ္မာလမ်းမကြီး (စ)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၅၀၀၀ ဖြင့် ဖြန့်ချိသည်။

ရက်(၁၀၀) စီမံချက်ဖြင့် မလှိုင်မြို့နယ် ထန်းတောကျေးရွာအုပ်စု မုံပင်လေးကျေးရွာ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွက်စိပ်၊ ကွက်ကျဲမြေတိုင်းတာခြင်းလုပ်ငန်းကို မြို့နယ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မေ ၉ ရက် နံနက် ၁၁ နာရီတွင် ကြည့်ရှုစစ်ဆေးကြစဉ်။

မြို့နယ်(ပြန်/ဆက်)



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဉာဏ်ရည်တုလှိုင်းများ(၅)

နီဇော်သစ်




ယခုအပတ်တွင် အေအိုင်လုပ်ပိုင်ခွင့် အဆင့်(၅)ကို ဆက်လက်ဆွေးနွေးပါမည်။ လုပ်ပိုင်ခွင့်အဆင့်(၅)မှာ အဆင့် (၄)လို မဝေးသောအနာဂတ်တွင် မျက်မြင်ဒိဋ္ဌ ကြုံကြရမည့်ကိစ္စမျိုးဟုတ်၊ မဟုတ် မသိနိုင်သေးပါ။ သို့သော် အေအိုင်နှင့်ပတ်သက်၍ လူသားတို့အတွက် စိုးရိမ်စရာအကောင်းဆုံးအဆင့်အဖြစ် သတ်မှတ်ထားကြသည်။ ထိုအဆင့်တွင် လူသားတို့ထက် ဉာဏ်ရည်ပိုမိုမြင့်မားသော အေအိုင်တို့နှင့် ရင်ဆိုင်ကြရမည်၊ အဆင့်(၄)တွင် အေအိုင်နှင့်အတူ ယှဉ်တွဲနေထိုင်ရာမှ နောက်တစ်ဆင့်တွင် အေအိုင်၏စိုးမိုးမှုကို လူသားတို့ခံရမည်ဆိုသည့် စိုးရိမ်မှုမျိုးဖြစ်သည်။ တကယ်ဖြစ်လာနိုင်ပါသလား။ အချို့သော အနာဂတ္တိပညာရှင်တို့က 'အမှတ်ထူး' (Singularity)ဟု ခေါ်သောအဆင့်ကို ကျော်လွန်သွားသည့် အနေအထားမျိုး၊ မိုက်ခရိုဆော့ဖ် အေအိုင်စီအီးအို မူစတာဖာ ဆူလီမန်ပြောသည့် ခေတ်သစ်ကျူရင် စမ်းသပ်ချက်ကို အောင်မြင်သွားသည့် အဆင့်မျိုး၊ လီကိုင်ဖူးခန့်မှန်းထားသည့် ၂၀၄၁ အလွန် အေအိုင်စွမ်းဆောင်ရည်မျိုးဖြစ်သည်။

ထိုအနာဂတ်ကို မှန်းမျှော်ရာတွင် အကောင်းမြင်ချဉ်းကပ်မှုများကိုရော အဆိုးမြင်ချဉ်းကပ်မှုများကိုပါ မြင်တွေ့နေရသည်။ ဤနေရာတွင်တော့ ထိုမျှော်မှန်းချက်များနောက်သို့ လိုက်မည်မဟုတ်ပါ။ လုပ်ပိုင်ခွင့် အဆင့်(၅) ရလာသည့်၊ တစ်နည်းအားဖြင့် လုပ်ပိုင်ခွင့် အဆင့်(၅) အပ်နှင်းခံရသည့် အေအိုင်စနစ်များ၊ အေဂျီအိုင်စနစ်များအနေဖြင့် ဘယ်လောက်စွမ်းဆောင်ရည်ရှိမလဲ၊ အန္တရာယ်ဘယ်လောက်များနိုင်မလဲဆိုသည်ကိုသာ အကြမ်းဖျင်း ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

လုပ်ပိုင်ခွင့် အဆင့်(၅)တွင် အေအိုင်သည် ကိုယ့်သဘောနှင့်ကိုယ် လုပ်ဆောင်သူဖြစ်လာသည် (AI as an Agent)။ ဥပမာအားဖြင့် သူ့ဘာသာသူ လုပ်စရာရှိသည်တို့ကို လုပ်သွားသော လက်ထောက်တစ်ယောက်လိုမျိုးဖြစ်သည်။ အလုပ်တာဝန်တစ်ခုချင်း ပေးနေစရာမလို။ ရည်မှန်းချက်ချပေးလိုက်ရုံဖြင့် အေအိုင်က သူ့ဘာသာသူ အစီအစဉ်ချ၊ ဆုံးဖြတ်ချက်ချ၊ ကိရိယာများကိုအသုံးပြု၊ လူတို့နှင့်ဆက်သွယ်၊ လုပ်ငန်းပတ်ဝန်းကျင်ကို အပြောင်းအလဲလုပ်၊ ရေရှည်စီမံကိန်းချ၊ တုံ့ပြန်ရလဒ်များအပေါ်မူတည်ပြီး မဟာဗျူဟာများပြောင်းလဲ အစရှိသည်ဖြင့် လုပ်သွားလိမ့်မည်။ The Coming Wave စာအုပ်ထဲတွင် ဆူလီမန် ပြောထားသည့် ခေတ်သစ်ကျူရင်စမ်းသပ်ချက်အကြောင်းကို ကြည့်လိုက်လျှင် ပိုပြီးရှင်းရှင်းလင်းလင်း သိမြင်နိုင်ပါသည်။

**"ရှင်းအောင်ပြောရလျှင် ခေတ်သစ် ကျူရင်စမ်းသပ်ချက်၌ အောက်ပါကိစ္စလိုမျိုးအရာများ ပါဝင်လာမည်။ 'အမေဇုန်မှာ ဒေါ်လာတစ်သိန်း ရင်းနှီးမြှုပ်နှံပြီး လအနည်းငယ်အတွင်း ဒေါ်လာတစ်သန်းရအောင်ရှာ'ဟု လမ်းညွှန်ချက်ပေးလိုက်လျှင် အေအိုင်သည် အောင်မြင်အောင် စွမ်းဆောင်နိုင်ရမည်ဖြစ်သည်။ အေအိုင်အနေဖြင့် ဝက်ဘ်တစ်ခွင်တွင် ဘယ်လမ်းကြောင်းသွားနေလဲဆိုသည်ကို သုတေသနလုပ်ရမည်။ ဘာတွေဟော့နေသလဲ၊ အမေဇုန်ဈေးထဲမှာ ဘာတွေမရှိဘူးလဲဆိုသည်ကို ရှာဖွေရမည်။ ဖြစ်နိုင်ခြေထုတ်ကုန်များအတွက် ပုံများနှင့် အသေးစိတ်အစီအစဉ်များ ထုတ်ပေးရမည်။ ယင်းတို့ကို အလီဘာဘာတွင်တွေ့ရသည့် အိမ်တိုင်ရာရောက်ပို့ပေးသော ကုန်ထုတ်လုပ်သူတစ်ယောက်ထံပို့ရမည်။ လိုအပ်ချက်များမွမ်းမံရန်နှင့် စာချုပ်သဘောတူညီချက်ရစေရန် အီးမေးလ်များအပြန်အလှန်ပေးပို့ရမည်။ အရောင်းစာရင်းတစ်ခုဒီဇိုင်းဆွဲရမည်။ ဝယ်သူများထံမှ တုံ့ပြန်မှုများကိုအခြေခံပြီး ဈေးကွက်ကြော်ငြာများနှင့် ထုတ်ကုန်ဒီဇိုင်းများကို အဆက်မပြတ် ခေတ်မီအောင်လုပ်နေရမည်။ ဈေးကွက်ထဲတွင် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် မှတ်ပုံတင်ရန် ဥပဒေပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် ဘဏ်စာရင်းတစ်ခုရရှိဖို့တို့ကလွဲလျှင် ကျန်အလုပ်များကို အေအိုင်လုပ်နိုင်သည်ဟု ကျွန်တော်မြင်သည်။ ထိုသို့ကိစ္စမျိုးကို လူက အနည်းငယ် ပါဝင်ပတ်သက်ပေးရုံမျှဖြင့် နောက်နှစ်အတွင်း လုပ်နိုင်လိမ့်မည်၊ နောက်သုံးနှစ်မှ ငါးနှစ်ဆိုလျှင် သူ့ဘာသာသူ အလိုအလျောက် လုပ်သွားနိုင်မည်ဟု ထင်သည်။"**

နောက်ထပ် အန္တရာယ်တစ်ခုမှာ တစ်နေရာရာတွင် ပါဝါစုစည်းသွားခြင်းဖြစ်သည်။ ထိုအဆင့်ရှိသည့် အေအိုင်တစ်ခုကို အရင်ဆုံးပိုင်ဆိုင်သည့် အစိုးရ သို့မဟုတ် ကော်ပိုရေးရှင်းသည် အလွန်အမင်းသာလွန်သော ပါဝါကို ပိုင်ဆိုင်သွားလိမ့်မည်။ ဥပမာ ကုမ္ပဏီ(က)သည် ထိုအဆင့် အေအိုင်နည်းပညာကို ရရှိသွားပြီး အေအိုင်အေးဂျင့် အယောက် ၁၀ သန်းကို ထုတ်လုပ်အသုံးချလိုက်သည် ဆိုပါစို့။ လူသားများနှင့်သာ လည်ပတ်နေရသည့် မည်သည့်ကုမ္ပဏီကမျှ ထိုကုမ္ပဏီကို ယှဉ်နိုင်တော့မည်မဟုတ်။ လုပ်သားအယောက် ၁၀ သန်းကို အလုပ်ပေးဖို့ပင်လျှင် မဖြစ်နိုင်ပါ။

ထိုနေရာအထိ သိပ်ပြီးပြဿနာမရှိသေးဟု ဆိုချင်လျှင် ဆိုနိုင်ပါသေးသည်။ ပိုမိုကြီးမားသော ပြဿနာမှာ လုပ်ပိုင်ခွင့် အဆင့်(၅)ကို ရရှိထားသော အေအိုင်သည် သူ့ဘာသာသူ ပိုမိုတိုးတက်အောင် လုပ်ပြီး လူသားတို့ကို လွှမ်းမိုးသွားနိုင်မလားဆိုသည့် ပြဿနာဖြစ်သည်။ ဆူလီမန်ပြောသည့် နောက်သုံးနှစ်မှ ငါးနှစ်တွင် ဖြစ်လာမည့် အေအိုင်မျိုးမှာ ထိုကဲ့သို့ လုပ်ဆောင်နိုင်ဦးမည်မဟုတ်ပါ။ စီးပွားရေးလုပ်ငန်းတစ်ခုကို တည်ထောင်နိုင်ရုံသာ ရှိပါသေးသည်။ နည်းပညာနှင့်ဆက်နွှယ်သည့်အပိုင်း၊ ဆုံးဖြတ်ချက် ချမှတ်သည့်အပိုင်းတို့တွင် လူသားတို့ထက် မြန်ဆန်မည်မှာ သေချာသော်လည်းအောင်မြင်သည့် လူသားစွန့်ဦးတီထွင် လုပ်ငန်းရှင်တစ်ယောက်လို ကော်ပိုရေးရှင်းကြီးတစ်ခု ထူထောင်နိုင်မလားဆိုသည်မှာ မသေချာပါ။ ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင် လုပ်နိုင်သော အေအိုင်ဆိုလျှင် တစ်ဆင့်ပြီး တစ်ဆင့် တက်သွားပြီး စူပါဉာဏ်ရည်ကို ရရှိသွားနိုင်သည်။ အေအက်စ်အိုင် သို့မဟုတ် Artificial Superintelligence အဆင့်ဖြစ်သည်။ ရေးကာ့ဇ်ဝဲလ်နှင့် အခြားသော အနာဂတ္တိဆရာတို့ ၂၀၄၅ ခုနှစ်ဝန်းကျင်တွင် ဖြစ်လာမည်ဟု ဟောကိန်းထုတ်ထားသည့် အေအိုင်အဆင့်မျိုးဖြစ်သည်။

ထို့ကြောင့် လက်ရှိအေအိုင်တို့၏ စွမ်းဆောင်ရည်နှင့် လုပ်ပိုင်ခွင့်အနေအထားတို့အရ လာမည့်နှစ်အနည်းငယ်အတွင်း ဖြစ်လာနိုင်သော အေဂျီအိုင်တို့၏ပြဿနာသည် အလိုင်းမင်းလွဲခြင်းဖြစ်သည်။ စိတ်ကူးဖြင့် မှန်းမျှော်ကြည့်နိုင်သမျှ အဆိုးဆုံးပြဿနာသည် သိပ္ပံစိတ်ကူးယဉ်ဆန်ဆန် ပြောရလျှင် စူပါဉာဏ်စွမ်းရ အေအိုင်တို့က လူသားတို့ကို စိုးမိုးသွားခြင်းဖြစ်သည်။ သို့သော် တရုတ်အေအိုင်ဂုရုကြီး လီကိုင်ဖူးကတော့ ထိုသို့ဖြစ်နိုင်ရန် လိုသေးသည်ဟု သုံးသပ်သည်။ ဘာလိုသလဲဆိုလျှင် သိပ္ပံနှင့်နည်းပညာတိုးတက်မှုဖြစ်သည်။ ဤနေရာတွင် သိပ္ပံနှင့်နည်းပညာကို အနည်းငယ်ခွဲ၍ မြင်ရန်လိုပါသည်။ အေအိုင်၏ ဗဟိုဝင်ရိုးဖြစ်သော နက်နက်နဲနဲလေ့လာသင်ယူခြင်း (deep learning) သည် သိပ္ပံပညာဖြစ်သည်။ နက်နက်နဲနဲ လေ့လာသင်ယူခြင်းကို အခြေပြုတည်ဆောက်ထားသော အေအိုင်တို့ကို အချက်အလက်များစွာတို့ဖြင့် လေ့ကျင့်ပေးပြီး အဆင့်မြင့်မိုဒယ်ကြီးများဖြစ်လာအောင် လုပ်ခြင်းမှာ နည်းပညာဖြစ်သည်။ ထို့ကြောင့် စူပါဉာဏ်စွမ်းရရှိဖို့ဆိုလျှင် လက်ရှိထက် မြင့်မားသည့်သိပ္ပံပညာတိုးတက်မှု သို့မဟုတ် နက်နက်နဲနဲ လေ့လာသင်ယူနိုင်စွမ်းပိုမိုမြင့်မားသော အေအိုင်မိုဒယ်များဖြစ်ရန်လိုမည်ဟု လီကိုင်ဖူးက သုံးသပ်ခြင်းဖြစ်ပုံရသည်။

ယခုဆိုလျှင် အေအိုင်တို့၏ လုပ်ပိုင်ခွင့်အဆင့်ဆင့်နှင့် ကောင်းကျိုးဆိုးကျိုးများကို တင်ပြခဲ့သည်မှာ အကြမ်းဖျင်းအားဖြင့် စုံသလောက်ရှိပါပြီ။ အေအိုင်လုပ်ပိုင်ခွင့် အဆင့်(၅)သည် လူသားသမိုင်း၏ အကြီးမားဆုံး နည်းပညာတော်လှန်ရေးဖြစ်လာနိုင်သလို လူသားတို့ကိုယ်တိုင်ဖန်တီးလိုက်သော ပြိုင်ဘက်တစ်ခုလည်း ဖြစ်လာနိုင်သည်။ အရေးကြီးသည်မှာ ထိုအဆင့်သို့မရောက်ခင် လူသားတို့က ထိန်းချုပ်မှု၊ တာဝန်ယူမှုနှင့် တန်ဖိုးထားမှုတို့ကို မည်သို့သတ်မှတ်မည်ဆိုသည့် မေးခွန်းပင်ဖြစ်သည်။ အဓိကအကျဆုံးမှာ ထိန်းချုပ်နိုင်မည်လား၊ မထိန်းချုပ်နိုင်ဘဲ လွှတ်ပေးလိုက်ရမည်လားဆိုသည့် မေးခွန်းဖြစ်သည်။ ထိုအကြောင်းများကို နောက်အပတ်တွင် ဆက်လက်ဆွေးနွေးသွားပါမည်။

---

## တစ်ခါအားသွင်းရုံဖြင့် လအတန်ကြာ သုံးနိုင်စေမည့် မှတ်ဉာဏ်နည်းပညာသစ်တွေ့ရှိ

ဖုန်းသုံးနေရင်း ပူလာခြင်းနှင့် ဘက်ထရီ မြန်မြန်ကုန်သွားခြင်းတို့မှာ ဖုန်းထဲရှိ မှတ်ဉာဏ်နှင့် အခြားလျှပ်စီးပတ်လမ်းတို့က ဘက်ထရီထဲမှ စွမ်းအင်ကိုစားသုံးပြီး အပူစွမ်းအင် ပြန်ထုတ်ပေးလိုက်ခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် စွမ်းအင်သုံးစွဲမှုနည်းပါးသည့် လျှပ်စစ်ကိရိယာများ ဖန်တီးနိုင်ရေးမှာ ယနေ့ခေတ် သိပ္ပံပညာရှင်တို့၏ ရည်မှန်းချက်ကြီးများထဲမှ တစ်ခုဖြစ်သည်။

ယခုအချိန်တွင် တိုကျို သိပ္ပံအင်စတီကျုမှ ပါမောက္ခယူကတမာဂျီမာနှင့် အဖွဲ့သားများက စွမ်းအင်သုံးစွဲမှုနည်းသော မှတ်ဉာဏ်ပြုလုပ်မှု နည်းပညာအသစ်တစ်ရပ်ကို တွေ့ရှိခဲ့ရာ စီးပွားဖြစ်ထုတ်လုပ်နိုင်လျှင် တစ်ခါအားသွင်းရုံဖြင့် လက်ရှိထက် ပိုမိုကြာမြင့်စွာသုံးနိုင်မည့် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် လမ်းစတစ်ခုဖြစ်လာသည်။

အသစ်တွေ့ရှိမှုဆိုသော်လည်း သဘောတရားမှာ အသစ်မဟုတ်ပေ။ ၁၉၇၁ ခုနှစ်ကတည်းက ပေါ်ထွက်ခဲ့သည့် FTJ ဟု အတိုကောက်ခေါ်သော ဖယ်ရိုအီလက်ထရစ် မှတ်ဉာဏ်နည်းပညာသာဖြစ်သည်။ ထိုနည်းပညာဖြင့် သုံးနိုင်သည့် ထုံးတမ်းစဉ်လာဒြပ်ပစ္စည်းတို့မှာ



လျှပ်စစ်၏ မိုက်ခရိုခေတ်၊ နာနိုခေတ်တို့နှင့်မကိုက်ညီသဖြင့် ကျန်နေခဲ့သည့် နည်းပညာလည်းဖြစ်သည်။

သို့သော် ၂၀၁၁ ခုနှစ်တွင် လက်ရှိအသုံးများသည့် ဒြပ်ပစ္စည်းတစ်ခုဖြစ်သော ဟက်ဖ်နီယမ်အောက်ဆိုက်သည်လည်း ဖယ်ရိုအီလက်ထရစ်မှတ်ဉာဏ်အဖြစ်သုံးနိုင်မည့် လျှပ်စစ်ဝင်ရိုး ထိန်းသိမ်းထားနိုင်စွမ်းရှိသည်ကို ပထမဆုံးတွေ့ရှိခဲ့ကြသည်။ ယခုအချိန်တွင်မူ ဖယ်ရိုအီလက်ထရစ်မှတ်ဉာဏ်သဘောတရားနှင့် သေးနိုင်သမျှသေးအောင်လုပ်သည့် နည်းပညာတို့ကို ပေါင်းစပ်ခြင်းအားဖြင့် ပါမောက္ခမာဂျီမာတို့အဖွဲ့သည် ၂၅ နာနိုမီတာ အရွယ်အစားရှိသည့် စွမ်းအင်သုံးစွဲမှု နည်းပါးသော မှတ်ဉာဏ်ကိရိယာကို တီထွင်နိုင်ခဲ့ပြီဖြစ်သည်။

"သိပ္ပံပညာရဲ့ အကန့်အသတ်လို ဖြစ်နေတဲ့ 'ပိုသေးအောင် ငါတို့မလုပ်နိုင်တော့ဘူးလား'၊ 'လုပ်လိုက်ရင် ပျက်စီးသွားမှာလား'ဆိုတဲ့ စိန်ခေါ်မှုတွေဟာ အမှောင်ထဲမှာ လမ်းလျှောက်နေရသလို စမ်းတဝါးဝါး ဖြစ်နေတုန်းပါပဲ။ ဘာပဲဖြစ်ဖြစ် ထုံးတမ်းစဉ်လာ အယူအဆတွေကို မေးခွန်းထုတ်တာမျိုး၊ ဒီအခက်အခဲတွေကို နည်းလမ်းအသစ်တွေနဲ့ ကျော်လွှားဖို့ကြိုးစားတာမျိုးကိုတော့ ကျွန်တော်တို့ လုပ်နိုင်ပါတယ်။ အခုရခဲ့တဲ့အောင်မြင်မှုက လူငယ်တွေရဲ့ စိတ်ဝင်စားမှုကို မီးတောက်လာစေပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ်တစ်ခုဖန်တီးဖို့ ကြိုးစားလာအောင် လုပ်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော် ဝမ်းမြောက်မိမှာပါ"ဟု ပါမောက္ခမာဂျီမာက ဆိုသည်။

ဟက်ဖ်နီယမ်အောက်ဆိုက်သည် လက်ရှိတစ်ပိုင်းလျှပ်ကူးထုတ်လုပ်ရေးလောကတွင် အခြားဒြပ်ပစ္စည်းများနှင့် အပြိုင်အသုံးများသည့် ဒြပ်ပစ္စည်းတစ်မျိုးဖြစ်ရာ ပါမောက္ခမာဂျီမာတို့အဖွဲ့ တွေ့ရှိခဲ့သည့် နည်းပညာသည် မဝေးလှသောအနာဂတ်တွင် လူသုံးများသောကိရိယာများထဲ၌ ပါဝင်လာရန် ဖြစ်နိုင်ခြေရှိသည်။ **Ref: scitechdaily.com**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

ယခင်တစ်ပတ်က Greetings (တွေ့ဆုံနှုတ်ဆက်ခြင်း), Introducing yourself (မိမိကိုယ်ကို မိတ်ဆက်ခြင်း), Introducing your family members (မိသားစုဝင်များနှင့် မိတ်ဆက်ပေးခြင်း) တို့နဲ့ပတ်သက်တဲ့ လေ့ကျင့်ခန်းတွေကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ Lesson 4: Introducing Other People (အခြားသူများကို မိတ်ဆက်ပေးခြင်း) အကြောင်း လေ့လာရမှာဖြစ်ပါတယ်။

(ယခင်တစ်ပတ်မှအဆက်)

**(A)Complete the Dialogues: Introducing Your Family Members**

**1. Family Size**

A: How many people are there in your family?

B: ________________________ (2 marks)

A: Who are they?

B: ________________________ (2 marks)

**2. Father Introduction**

A: Can you introduce your father?

B: ________________________ (2 marks)

A: What does he do?

B: ________________________ (2 marks)

**3. Mother Introduction**

A: Who is this?

B: ________________________ (2 marks)

A: What does your mother do?

B: ________________________ (2 marks)

**4. Brothers and Sisters**

A: Do you have any brothers or sisters?

B: ________________________ (2 marks)

A: How many?

B: ________________________ (2 marks)

**5. Family Talk**

A: Tell me about your family.

B: ________________________ (2 marks)

A: That's nice!

B: ________________________ (2 marks)

**6. Home Conversation**

A: Who lives in your house?

B: ________________________ (2 marks)

A: Do you live with your grandparents?

B: ________________________ (2 marks)

**7. Simple Introduction**

A: This is my father.

B: ________________________ (2 marks)

A: This is my mother.

B: ________________________ (2 marks)

**8. Jobs of Parents**

A: What is your father's job?

B: ________________________ (2 marks)

A: What is your mother's job?

B: ________________________ (2 marks)

**9. Family Description**

A: Describe your family.

B: ________________________ (2 marks)

A: Nice family!

B: ________________________ (2 marks)

**10. Final Conversation**

A: How many people are there in your family?

B: ________________________ (2 marks)

A: Who are they?

B: ________________________ (2 marks)

**********************

## Lesson 4: Introducing Other People (အခြားသူများကို မိတ်ဆက်ပေးခြင်း)

**Basic Introductions**

အခြားသူတွေကိုမိတ်ဆက်ပေးတဲ့အခါ "This is" ကို အသုံးပြုရပါတယ်။ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် He / She မသုံးဘဲ This is ကိုသာ အသုံးပြုရပါတယ်။



**Pattern**

- This is + name.
- He / She + extra information.

**Examples**

**This is + name + He / She + extra information**

**Friend**

1. **This is** my friend, Aung Aung. **He** is very friendly. (ဒါက ငါ့သူငယ်ချင်း အောင်အောင်ဖြစ်ပါတယ်။ သူက အလွန်ဖော်ရွေပါတယ်။)
2. **This is** my friend, Su Su. **She** likes music. (ဒါက ငါ့သူငယ်ချင်း စုစု ဖြစ်ပါတယ်။ သူက သီချင်းတွေကြိုက်တယ်။)
3. **This is** my friend, Min Min. **He** plays football well. (ဒါက ငါ့သူငယ်ချင်း မင်းမင်း ဖြစ်ပါတယ်။ သူက ဘောလုံးကန်ကောင်းတယ်။)
4. **This is** my friend, Hla Hla. **She** studies hard. (ဒါက ငါ့သူငယ်ချင်း လှလှ ဖြစ်ပါတယ်။ သူက စာကြိုးစားတယ်။)
5. **This is** my friend, Ko Ko. **He** lives near my house. (ဒါက ငါ့သူငယ်ချင်း ကိုကို ဖြစ်ပါတယ်။ သူက ငါ့အိမ်နားမှာ နေထိုင်ပါတယ်။)

**Brother**

1. **This is** my brother, Min Thu. **He** enjoys swimming. (ဒါက ငါ့အစ်ကို မင်းသူ ဖြစ်ပါတယ်။ သူက ရေကူးရတာ ကြိုက်ပါတယ်။)
2. **This is** my brother, Aung Min. **He** is very tall. (ဒါက ငါ့အစ်ကို အောင်မင်း ဖြစ်ပါတယ်။ သူက အရပ်ရှည်ပါတယ်။)
3. **This is** my brother, Ko Zaw. **He** likes video games. (ဒါက ငါ့အစ်ကို ကိုဇော် ဖြစ်ပါတယ်။ သူက ဗီဒီယိုဂိမ်းကစားရတာ ကြိုက်ပါတယ်။)
4. **This is** my brother, Hein Htet. **He** helps my parents. (ဒါက ငါ့အစ်ကို ဟိန်းထက် ဖြစ်ပါတယ်။ သူက မိဘတွေကို ကူညီပေးပါတယ်။)

**Sister**

1. **This is** my sister, Su Mon. **She** is kind. (ဒါက ငါ့ညီမ ဆုမွန် ဖြစ်ပါတယ်။ သူက ကြင်နာပါတယ်။)
2. **This is** my sister, Hnin Ei. **She** likes drawing. (ဒါက ငါ့ညီမ နှင်းအိ ဖြစ်ပါတယ်။ သူက ပုံဆွဲရတာကြိုက်ပါတယ်။)
3. **This is** my sister, May Thu. **She** sings beautifully. (ဒါက ငါ့ညီမ မေသူ ဖြစ်ပါတယ်။ သူက သီချင်းဆိုကောင်းတယ်။)
4. **This is** my sister, Ei Ei. **She** goes to university. (ဒါက ငါ့ညီမ အိအိ ဖြစ်ပါတယ်။ သူက တက္ကသိုလ်ကျောင်းသူပါ။)
5. **This is** my sister, Cherry. **She** enjoys reading books. (ဒါက ငါ့ညီမ ချယ်ရီ ဖြစ်ပါတယ်။ သူက စာဖတ်ရတာ ကြိုက်ပါတယ်။)

**Teacher**

1. **This is** my teacher, Daw Mya. **She** teaches English. (ဒါက ဆရာမ ဒေါ်မြ ဖြစ်ပါတယ်။ သူက အင်္ဂလိပ်စာ သင်ပါတယ်။)
2. **This is** my teacher, U Tun. **He** is very patient. (ဒါက ဆရာ ဦးထွန်း ဖြစ်ပါတယ်။ သူက အလွန်စိတ်ရှည်တယ်။)
3. **This is** my teacher, Daw Hla. **She** explains lessons clearly. (ဒါက ဆရာမ ဒေါ်လှ ဖြစ်ပါတယ်။ သူက သင်ခန်းစာတွေကို နားလည်အောင်ရှင်းပြပါတယ်။)
4. **This is** my teacher, U Kyaw. **He** likes helping students. (ဒါက ဆရာ ဦးကျော် ဖြစ်ပါတယ်။ သူက ကူညီပေးတယ်။)

**Polite Introductions**

မိတ်ဆက်မပေးမီ ခွင့်တောင်းတဲ့အခါမှာ အောက်ပါတို့ကို အသုံးပြုရပါတယ်။

- I'd like you to meet my friend, Min Min. (ကျွန်တော့်သူငယ်ချင်း မင်းမင်းနဲ့ မိတ်ဆက်ပေးချင်ပါတယ်။)
- I would like to introduce you to Min Min. (ကျွန်တော့်သူငယ်ချင်း မင်းမင်းနဲ့ မိတ်ဆက်ပေးချင်ပါတယ်။)
- Let me introduce my brother, Kyaw Kyaw. (ကျွန်တော့်အစ်ကို ကျော်ကျော်နဲ့ မိတ်ဆက်ပေးခွင့်ပြုပါ။)
- Have you met Su Su? (ဆုဆု ကို အရင်က တွေ့ဖူးလား။)
- May I introduce my teacher, Daw Hla? (ကျွန်တော့် ဆရာမ ဒေါ်လှနဲ့ မိတ်ဆက်ပေးပါရစေ။)
- I want you to meet my cousin, Aye Aye. (ကျွန်တော့်ဝမ်းကွဲညီမ အေးအေးနဲ့ မင်းကို မိတ်ဆက်ပေးချင်ပါတယ်။)

**Responding Sentences (မိတ်ဆက်ပေး တုံ့ပြန်စကားများ)**

**Greeting Responses**

- Nice to meet you. (တွေ့ရတာဝမ်းသာပါတယ်။)
- Nice to meet you, too. (ကျွန်တော်လည်း တွေ့ရတာဝမ်းသာပါတယ်။)
- Pleased to meet you.
- Pleased to meet you, too.
- It's nice to meet you.

**Friendly Responses (ဖော်ရွေတဲ့ တုံ့ပြန်စကားများ)**

- I've heard a lot about you. (ခင်ဗျားအကြောင်းကို ကြားဖူးပါတယ်။)
- I'm happy to meet you. (တွေ့ရတာဝမ်းသာပါတယ်။)
- It's great to meet you. (တွေ့ရတာ ကောင်းလိုက်တာဗျာ။)
- Welcome! (ကြိုဆိုပါတယ်။)
- How are you? (နေကောင်းလား။)

**Extra Information Sentences (အပိုအချက်အလက်များ)**

**About Jobs (အလုပ်အကိုင်)**

- He is a doctor.
- She is a teacher.
- He works at a bank.
- She is a student.
- He is an engineer.

**About Personality (ပင်ကိုအရည်အချင်း)**

- She is very friendly.
- He is kind and helpful.
- She is funny.
- He is hardworking.
- She is polite.

**About Hobbies (ဝါသနာ)**

- He likes football.
- She enjoys reading books.
- He loves music.
- She likes drawing pictures.
- He plays table tennis well.

**About Place (နေရာ)**

- She lives in Yangon.
- He comes from Mandalay.
- She studies in Bagan.
- He lives near my house.
- She is from Nay Pyi Taw.

**Example Conversations**

**Conversation (1)**

A: Hello, Su Su!

B: Hello, Aung Aung!

A: This is my friend, Min Min. He likes football.

B: Nice to meet you, Min Min.

C: Nice to meet you, too.

**Conversation (2)**

A: Hi, Thuzar!

B: Hi, Ko Ko!

A: I'd like you to meet my sister, Hla Hla. She is very kind.

B: Pleased to meet you, Hla Hla.

C: Pleased to meet you, too.

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် ဝန်ကြီးချုပ်ဖလား (အမျိုးသား / အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်



မြစ်ကြီးနား မေ ၁၀

၂၀၂၆ ခုနှစ် ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၃ နာရီခွဲက မြစ်ကြီးနားခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ငြိမ်းချမ်းသာယာဘော်လီဘောအားကစားရုံ၌ ကျင်းပသည်။

ဦးစွာ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လယ်ကုန်းအသင်းနှင့် Golden eagle အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဘော်လီဘောအားကစားဝါသနာရှင် ပြည်သူများ ကြည့်ရှုအားပေးကြရာ Golden eagle အသင်းက အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများက ဒိုင်အဖွဲ့နှင့် သရုပ်ပြအကအဖွဲ့၊ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရအသင်း၊ အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရ လယ်ကုန်းအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ Grace Dencer အမျိုးသမီးအသင်း၊ ပထမဆုရ အမျိုးသား ဘော်လီဘောအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရအသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ အသင်းတို့အား ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြည်တွင်းကလပ်အသင်းများနှင့် ခြေစမ်းလေ့ကျင့်ပြင်ဆင်နေ

ရန်ကုန် မေ ၁၀

သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြည်တွင်း အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းကာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းထားပြီး ယာယီနည်းပြချုပ် အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်နေသည်။ ယင်းအသင်းသည် ဧပြီ ၂၇ ရက်ကတည်းက စခန်းဝင်လေ့ကျင့်နေပြီး ပြည်ပကလပ်များတွင် ကစားနေသူအချို့မှာလည်း အသင်းနှင့် ပူးပေါင်းနေပြီဖြစ်သည်။ ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် တစ်လကျော် ရရှိမည်ဖြစ်သည်။ ပြည်တွင်းအသင်းများနှင့် ခြေစမ်းပွဲများ ထပ်မံကစားဖွယ်ရှိနေပြီး မေ ၈ ရက်က မြဝတီအသင်းနှင့် ခြေစမ်းကစားခဲ့သည်။ သုံးနိုင်ငံ အမျိုးသမီး ဖိတ်ခေါ်ပြိုင်ပွဲကို ဇွန်လဆန်းတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ ဥဇဘက်ကစ္စတန် အသင်းတို့ ပတ်လည်စနစ်ဖြင့် ပြုလုပ်မည်ဖြစ်သည်။

အသင်းတွင် ပဏာမကစားသမားများအဖြစ် **ဂိုးသမား**- မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊ အိစန္ဒာဇော် (ရောဝတီ)၊ ဖူးလတ်နဒီ (အား/ကာသိပ္ပံ)၊ သူဇာအောင် (သစ္စာအားမာန်)၊ သက်ထားအောင် (မြဝတီ)၊ လှလှထွေး (YREO)၊ **နောက်တန်း**- မေသက်မွန်မြင့် (သစ္စာအားမာန်)၊ ဖြူဖြူဝင်း (ရောဝတီ)၊ ဇွန်ယုယဦး (ရောဝတီ)၊ ဖြူဖွေး (ရောဝတီ/ စတေလီယွန်လာဂူနာ)၊ လင်းလဲ့ဦး (အား/ကာသိပ္ပံ)၊ သန်းသန်းနွယ် (အား/ကာသိပ္ပံ)၊ ခင်မျိုးသန္တာထွန်း (ရှမ်းယူနိုက်တက်)၊ ဆောင်းနှင်းဖွေး(ရှမ်းယူနိုက်တက်)၊ နန်းစနေမ (ရန်ကုန်ယူနိုက်တက်)၊ ယုယုနိုင် (ရန်ကုန်ယူနိုက်တက်)၊ ခင်မိုးဝင်း (ရောဝတီ)၊ ဝေဟင်ဖြိုး (အား/ကာသိပ္ပံ)၊ **အလယ်တန်း**-ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ နော်ထက်ထက်ဝေ (ရောဝတီ)၊ ဟေမာန်စိုး (အား/ကာသိပ္ပံ)၊ ဝင်းဝင်း (သစ္စာအားမာန်)၊ ခင်မာလာထွန်း (အား/ကာသိပ္ပံ)၊ ဝင်းစန္ဒာ (YREO)၊ နန်းဖြူဖြူသွယ် (ရှမ်းယူနိုက်တက်)၊ လင်းမြင့်မိုရ် (အား/ကာသိပ္ပံ)၊ နန်းလွမ်းလိုင်း (အား/ကာသိပ္ပံ)၊ **ရှေ့တန်း**- စန်းသော်သော် (ရောဝတီ/စတေလီယွန်လာဂူနာ)၊ ရှုပါခိုင်(ရှမ်းယူနိုက်တက်)၊ မြတ်နိုးခင် (သစ္စာအားမာန်)၊ ရွှေရည်ထွန်း (အား/ကာသိပ္ပံ)၊ မေထက်လူ (UCLA-အမေရိကန်)၊ စုစုကြည် (ရန်ကုန်ယူနိုက်တက်)၊ ဇင်မိုးပြည့် (ရန်ကုန်ယူနိုက်တက်) နှင့် ဝင်းသိင်္ဂီထွန်းတို့ ပါဝင်ကြသည်။ **သတင်း-ထွဏ်းသွေးအိမ်**

**ဓာတ်ပုံ-MWL**

# လာမည့်ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲအတွက် ရန်ကုန်ယူနိုက်တက်အသင်း စတင်ပြင်ဆင်

ရန်ကုန် မေ ၁၀

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲအတွက် ရန်ကုန်ယူနိုက်တက်အသင်း လေ့ကျင့်ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

ဘောလုံးရာသီသစ်မစတင်မီ နည်းပြချုပ်နေရာအပြောင်းအလဲ ပြုလုပ်ထားပြီး ငွေခေတ်မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးသန်းဝေက တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းသို့ ပေးထားရသည့် ကစားသမားအချို့မှလွဲ၍ ကျန်ကစားသမားများဖြင့် လေ့ကျင့်ပြင်ဆင်နေသည်။ ကျန်းမာရေးအခြေအနေကြောင့် ခွဲစိတ်ကုသမှုခံယူထားရသည့် လက်ရွေးစင်တောင်ပံကစားသမား ယွန်းဝတီလှိုင်မှာမူ အပေါ့စားလေ့ကျင့်မှုများသာ ပြုလုပ်နိုင်သေးသည်။

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းကို ၂၀၂၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၃ ရာသီတွင် အဆင့် - ၄၊ ၂၀၂၄ ရာသီတွင် အဆင့် -၂၊ ၂၀၂၅-၂၀၂၆ ရာသီတွင် အဆင့် - ၄ နေရာ ရရှိခဲ့သည်။

**သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - YUFC**



# UFC 328 ၏ Fight of the Night အဖြစ် ဂျိုရှုအာဗန်-တက်ဆုရိုတိုင်ရာပွဲ ရွေးချယ်ခံရ

ရန်ကုန် မေ ၁၀

မြန်မာစံတော်ချိန် မေ ၁၀ ရက် နံနက်ပိုင်းက UFC 328 ပြိုင်ပွဲ၏ Fight of the Night အဖြစ် မြန်မာဖိုက်တာ ဂျိုရှုအာဗန်နှင့် ဂျပန်ဖိုက်တာ တက်ဆုရိုတိုင်ရာတို့၏ပွဲ ရွေးချယ်ခံရသည်။




ယင်းပွဲတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန်က ပြိုင်ဘက် ဂျပန်ဖိုက်တာ တက်ဆုရိုတိုင်ရာကို ပဉ္စမအချီ ၁ မိနစ် ၃၂ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိကာ ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ စိန်ခေါ်သူ တိုင်ရာကလည်း ဂျိုရှုအာဗန်ကို အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့သည်။ နှစ်ဦးစလုံး၏ အပြန်အလှန် ထိုးသတ်မှုများကြောင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး Fight of the Night အဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။ Fight of the Night အဖြစ် ရွေးချယ်ခံရသဖြင့် ဂျိုရှုအာဗန်ရော တိုင်ရာပါ နှစ်ဦးစလုံးအပိုဆုကြေးဒေါ်လာတစ်သိန်းစီရရှိခဲ့သည်။ **သတင်း-မောင်စံကြီး**

**ဓာတ်ပုံ-UFC**

☆ **အာရှဖလားမှ**

ပေးလိုက်ရသည့်တစ်ဂိုးတည်းဖြင့် အရေးနိမ့်ကာ နောက်ဆုံးပွဲမတိုင်မီ အုပ်စုအဆင့်မှထွက်ရန် သေချာခဲ့သည်။ မြန်မာ ယူ-၁၇ အသင်းသည် အာရှဖလား ခြေစစ်ပွဲတွင် ကစားခဲ့သည့် ခြေစွမ်းမျိုး ယခုအချိန်ထိ ပြန်မရသေးသလို တိုက်စစ်ပိုင်းအားနည်းချက်များကြောင့် နှစ်ပွဲဆက် ဂိုးပေါက်ပျောက်ဆုံးကာ ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်ပြောင်းလဲခဲ့ပြီး ထက်ဝေယံ(ဂိုး)၊ မြင့်မြတ်ကိုကို၊ မျိုးခန့်ကျော်၊ အောင်သီဟ၊ လင်းရောင်၊ ဟန်ထူးလွင်၊ အောင်မြတ်သာ၊ ချန်လိန်တန်း၊ ဝင်းဇော်၊ မြတ်မင်းသူ၊ ညီညီသန့်တို့ကို အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ခြေစွမ်းအရ တစ်ဖက်သတ်မဖြစ်ဘဲ တာဂျစ်ကစ္စတန်အသင်းကို အပြန်အလှန်ကစားနိုင်သော်လည်း တိုက်စစ်ပိုင်းအဆုံးသတ်ဇုန်တွင် အလုပ်မဖြစ်သဖြင့် ထိရောက်သည့်ဂိုးသွင်းခွင့်အနည်းငယ်သာရခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲတွင် အလုပ်ဖြစ်ခဲ့သည့် Set-pieces များမှာလည်း ယခုပြိုင်ပွဲတွင် ထိရောက်မှုမရှိသဖြင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။ တာဂျစ်ကစ္စတန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၂၈ မိနစ်တွင် မက်တူမော့ဗ်က သွင်းယူခဲ့သည်။

အုပ်စု (A) အခြားပွဲတွင် အိမ်ရှင်ဆော်ဒီအာရေဗျအသင်းက ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲစီကစားအပြီး အုပ်စု(A)တွင် ခြောက်မှတ်ရထားသည့် ဆော်ဒီအာရေဗျအသင်းနှင့် တာဂျစ်ကစ္စတန်အသင်းတို့မှာ ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။ အမှတ်မရသေးသည့် ထိုင်းအသင်းနှင့် မြန်မာအသင်းတို့မှာ အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာ ယူ-၁၇ အသင်း၏ ပထမဆုံး ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် မျှော်လင့်ချက်လည်း အဆုံးသတ်ခဲ့ရသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၁၂ ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီခွဲတွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MFF**

✪ **MFF မှ**

ပွဲစဉ် (၁) တွင် Pacific Sun Far အသင်းက Mahar Burma အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ Victoria အသင်းက United City အသင်းကို လေးဂိုး-သုံးဂိုး၊ SGF Youth အသင်းက TKA Star အသင်းကို လေးဂိုး-ဂိုးမရှိ၊ ရွှေပြည်သာယူနိုက်တက်အသင်းက မာရိန်းအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ FFU မင်းမဟော်အသင်းက Avengers Junior အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ Jullniss အသင်းက ဘူရီဒိုအသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် နှစ်ကျော့ကျင်းပမည်ဖြစ်ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ**

**ဓာတ်ပုံ - MFF**

# ဗီယက်နမ်နိုင်ငံ၌ အောင်မြင်နေသည့် ကော်ဖီ MSME လုပ်ငန်း

စိုးသူရ



ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နေသည့် နိုင်ငံတစ်ခုဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကို အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြင့် ဖွဲ့စည်းထားသည်။

၂၀၂၄-၂၀၂၅ သီးနှံစိုက်ပျိုးရေးနှစ်တွင် နိုင်ငံ၏ ကော်ဖီထုတ်ကုန် MSME လုပ်ငန်းများက ပြည်ပပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၈ ဒသမ ၄ ဘီလီယံကို ရှာဖွေပေးခဲ့သည်။ နိုင်ငံအတွင်းရှိ MSME လုပ်ငန်းများသည် နိုင်ငံတော်က အားပေးမြှင့်တင်သည့် မူဝါဒများနှင့် အီးကောမက်စ် ခေါ် အီလက်ထရွန်နစ်ကုန်သွယ်ရေးလုပ်ငန်းကို အားပေးမြှင့်တင်ခြင်းကြောင့် ပြည်တွင်းဈေးကွက်များတွင် နေရာရရှိရုံသာမက နိုင်ငံတကာဈေးကွက်တွင်ပါ အောင်မြင်မှုရရှိလာသည်။

နိုင်ငံအလယ်ပိုင်း ကုန်းမြင့်ဒေသများတွင် ကော်ဖီကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နေသည်။

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းသည် အောက်ပါအချက်များကြောင့် အောင်မြင်နေသည်ကို တွေ့ရှိရသည်။

၎င်းဒေသများတွင် ကော်ဖီစိုက်ပျိုးရန် ရာသီဥတုအခြေအနေများ ကောင်းသည့်အပြင် အာဟာရဓာတ်ပြည့်ဝသည့်မြေဆီလွှာနှင့် ခေတ်မီသည့် ဆည်မြောင်းစနစ်များရှိသည်ကိုလည်း တွေ့ရှိရသည်။

အောက်ပါအမှတ်တံဆိပ် ကော်ဖီများသည် ပြည်တွင်း MSME လုပ်ငန်းအဖြစ်သာမက ကမ္ဘာ့ဈေးကွက်တွင်ပါ နေရာရရှိနေသည်။

လာဗီယတ်ကော်ဖီသည် ဒါလတ်ရှိ ဆိုင်တစ်ဆိုင်မှစတင်ကာ MSME လုပ်ငန်းအဖြစ် ဗီယက်နမ်တစ်ဝန်းတွင် ဆိုင်ခွဲ ၁၈ ဆိုင်အထိ တိုးချဲ့ခဲ့ပြီး ၂၀၂၄ ခုနှစ် ဧပြီလတွင် အမေရိကန်ပြည်ထောင်စု၌ အရောင်းပြခန်းတစ်ခု ဖွင့်လှစ်ခဲ့သည်။ ၎င်းကော်ဖီသည် ရာနှုန်းပြည့် ဗီယက်နမ်ပြည်တွင်းဖြစ်ထုတ်ကုန်များဖြင့် လုပ်ငန်းဆောင်ရွက် အောင်မြင်ခဲ့ပြီး ပြည်တွင်းဈေးကွက်နှင့် ဂျပန်နှင့် အမေရိကန်ရှိ ဈေးကွက်များကို ဝင်ရောက်နေရာယူနေသည်။

ဗီယက်နမ်နိုင်ငံတွင်ရှိသော လာဗီယတ် ကော်ဖီဆိုင်သည် အရသာရှိသည့် ကော်ဖီကို ရောင်းချပေးရုံသာမက စားသုံးသူများနှင့် ဗီယက်နမ်ကော်ဖီယဉ်ကျေးမှု၏ ကြွယ်ဝသည့် ရိုးရာဓလေ့များကြား နက်ရှိုင်းသည့် ဆက်သွယ်မှုကိုလည်း မြှင့်တင်ပေးသည်။

MR. VIET ကော်ဖီသည် ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) မှ ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းအဖြစ်သို့ အောင်မြင်စွာ ကူးပြောင်းခဲ့သည့် ထင်ရှားသော ဗီယက်နမ်ကော်ဖီအမှတ်တံဆိပ်တစ်ခုဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကော်ဖီကုန်ကြမ်းပေးသွင်းသည့်လုပ်ငန်းမှ ကုန်ချောထုတ်လုပ်လာနိုင်သည်အထိ အောင်မြင်မှုများရရှိခဲ့သည်။ အရည်အသွေးမြင့် ကော်ဖီထုတ်ကုန်များကို ထုတ်လုပ်ရန်အတွက် ဒေသခံကော်ဖီစိုက်ပျိုးသူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။ ၎င်းကော်ဖီအမှတ်တံဆိပ်အား ယူအေအီး၊ အိန္ဒိယနှင့် ကမ္ဘာ့နိုင်ငံများသို့တင်ပို့ရောင်းချခဲ့ရာ အောင်မြင်မှုများရရှိနေသည်။

၎င်းကော်ဖီလုပ်ငန်းမှ ကိုကိုးနှင့်လှော်ထားသော ကောက်နှံအရသာများပါဝင်သည့် Good Morning Vietnam ကော်ဖီနှင့် ဗီယက်နမ်နိုင်ငံ၏ ကော်ဖီထွက်ရှိရာ ဒေသမှရရှိသော ချောကလက်နှင့် ကာရာမဲလ်အရသာရှိသော Ca Phe Da Lat ကော်ဖီအပါအဝင် အခြားကော်ဖီအမှတ်တံဆိပ်များကို ထုတ်လုပ်နေသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ပြည်ပသို့ ကော်ဖီထုတ်လုပ်တင်ပို့ခြင်းမှ ဝင်ငွေ ကန်ဒေါ်လာ ၁၀ ဘီလီယံရရှိရန် ရည်မှန်းဆောင်ရွက်နေရာ ၎င်းရည်မှန်းချက်အောင်မြင်ရေးအတွက် အီလက်ထရွန်နစ်ကုန်သွယ်ရေးစနစ်နှင့် ဉာဏ်ရည်တုနည်းပညာများအသုံးပြုဆောင်ရွက်နေသည်။ နိုင်ငံအတွင်း ကော်ဖီထုတ်ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်နည်းခြင်းနှင့် ကော်ဖီသီးနှံအထွက်နှုန်းကောင်းသောကြောင့် ကော်ဖီထုတ်လုပ်သူများလုပ်ငန်းအောင်မြင်ခြင်းဖြစ်သည်။

> ❝၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကော်ဖီကုန်ကြမ်းပေးသွင်းသည့်လုပ်ငန်းမှ ကုန်ချောထုတ်လုပ်လာနိုင်သည်အထိ အောင်မြင်မှုများရရှိခဲ့သည်။ အရည်အသွေးမြင့် ကော်ဖီထုတ်ကုန်များကို ထုတ်လုပ်ရန်အတွက် ဒေသခံကော်ဖီစိုက်ပျိုးသူများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။ ၎င်းကော်ဖီအမှတ်တံဆိပ်အား ယူအေအီး၊ အိန္ဒိယနှင့် ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ရာ အောင်မြင်မှုများရရှိနေ❞

ဗီယက်နမ်နိုင်ငံရှိ ကော်ဖီ MSME လုပ်ငန်းများသည် ပြည်တွင်းတွင်ထုတ်လုပ်ရာ အရည်အသွေးမြင့်မားပြီး ဒေသခံများအတွက် အလုပ်အကိုင်များပေးခြင်းဖြင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများကိုမြှင့်တင်ပေးနေကြောင်း ရေးသားလိုက်ရပါသည်။ ။

ကိုးကား – VIETNAM COFFEE TAKE OVER THE WORLD MARKET




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |


## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## တောင်ကြီးမြို့ ကျောက်နီမွေးမြူရေးဇုန်၌ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

တောင်ကြီး မေ ၁၀

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသိမ်းမော်၊ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်နိုင်ဦး၊ ရှမ်းပြည်နယ်ဦးစီးမှူး ဒေါက်တာကျော်သူနှင့် အဖွဲ့က မေ ၇ ရက်တွင် တောင်ကြီးမြို့နယ် ကျောက်နီမွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ မွေးမြူသူ/လုပ်ငန်းကော်မတီ ၁၂ ခုနှင့် တွေ့ဆုံသည်။



တွေ့ဆုံရာတွင် ကျောက်နီ မွေးမြူရေးဇုန်အတွင်း လက်ရှိ နို့စားနွား ၁၀၀၈ ကောင်၊ အသားတိုးနွား ၁၂ ကောင်၊ ဒေသနွား ၆၉၈ ကောင် စုစုပေါင်း ၁၇၁၈ ကောင်အား ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်နေမှု ကြီးကြပ်ခြင်း၊ ရေနှင့် အစာအရည်အသွေးများ စစ်ဆေးမှု၊ မွေးမြူရေးတိရစ္ဆာန်များ၏ zoonotic disease များ စစ်ဆေးမှု ဆွေးနွေးအကြံပြုခြင်းနှင့်ကာကွယ်ဆေးထိုးစီမံချက်များ စနစ်တကျ ဖြစ်စေရေးတို့ကို ကြီးကြပ်ခဲ့ပြီး ခြံဖျန်းပိုးသတ်ဆေးများ အခမဲ့ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် SSS Agri-Tech Co.,Ltd ၏အဆင့်မြင့်နို့စားနွားခြံတွင် နို့စားနွား ၈၉၃ ကောင်၏ကျန်းမာရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မြန်မာဖိုက်တာ ဂျိုရှူအာဗန်နှင့် ဂျပန်ဖိုက်တာ တက်ဆုရှိတိုင်ရာတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

☆ ကျောဖုံးမှ

ပထမနှင့် ဒုတိယအချီတွင် တိုင်ရာက ချုပ်ကွက်ဖြင့် ပွဲသိမ်းနိုင်ရန် ကြိုးပမ်းသော်လည်း ရုန်းထွက်နိုင်ခဲ့သည့် ဂျိုရှူအာဗန်သည် တတိယအချီမှစတင်ကာ ပြိုင်ဘက်ကို တိုက်စစ်ဖွင့်ထိုးခဲ့သည်။ Stand Fight တွင် မယှဉ်နိုင်သည့် တိုင်ရာသည် ဂျိုရှူအာဗန်၏ လက်သီးချက် အကြိမ်ကြိမ်မိပြီး မျက်နှာတစ်ခုလုံး ဖူးယောင်ခဲ့သည်။ စတုတ္ထအချီကတည်းက အထိနာနေသည့် တိုင်ရာသည် နောက်ဆုံးအချီတွင် ဘာမျှလုပ်မပြနိုင်ဘဲ ဂျိုရှူအာဗန်၏ လက်သီးချက်များ အကြိမ်ကြိမ်ထပ်ထိကာ ၁ မိနစ် ၃၂ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

ဂျိုရှူအာဗန်သည် နောက်ဆုံး ခုနစ်ပွဲဆက်တိုက် အနိုင်ရလဒ်နှင့် ပထမဆုံး ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ပွဲတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂျိုရှူအာဗန်သည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝ ၁၉ ပွဲမြောက် ထိုးသတ်ရာတွင် ၁၇ ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး UFC နှင့် ၁၁ ပွဲ ထိုးသတ်ရာတွင် ၁၀ ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။

သတင်း - ရှိုင်းထက်ဇော်

ဓာတ်ပုံ - UFC

## သရက်မြို့နယ်၌ ရက် (၁၀၀) စီမံချက်ဖြင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံ

သရက် မေ ၁၀

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက နိုင်ငံတော်အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် ကွင်းဆင်း၍ ကျွဲ၊ နွားများအား ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ထုံးတောင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် သရက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆောင်ပြီး ဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများနှင့်အတူ မွေးမြူရေးတောင်သူ ၆၁ ဦး မွေးမြူထားသည့် ကျွဲ၊ နွား စုစုပေါင်း ၁၉၆ ကောင်အား ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း အသိပညာပေးခြင်း၊ မေထုန်မဲ့သားစပ်ခြင်းနှင့် နို့စားနွားများ တိုးချဲ့မွေးမြူခြင်းကြောင့် ရရှိလာမည့် အကျိုးအမြတ်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

◆ အာဆင်နယ်အသင်းမှ

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၆၀ မှာ ဒိုကူကတစ်ဂိုး၊ ၇၅ မိနစ်မှာ ဟာလန်းကတစ်ဂိုးနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ အိုမာမာမောက်ရှ်ကတစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးဟာလန်းဟာ ယခုဘောလုံးရာသီမှာ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုး ၂၆ ဂိုးအထိရှိလာခဲ့ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဘရန်းဖို့ဒ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၃၅) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၇၄ မှတ်အထိစုဆောင်းနိုင်ခဲ့ကာ အမှတ်ပေးဇယားထိပ်က အာဆင်နယ်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်မတိုင်မီ ရမှတ်ကွာဟမှုကို နှစ်မှတ်အကွာအနေအထားအထိ လျှော့ချနိုင်ခဲ့တာဖြစ်ပါတယ်။

ဘရန်းဖို့ဒ်အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၃၆) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၅၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၈) နေရာမှာ ရပ်တည်နေပြီး လာမယ့်ဘောလုံးရာသီ ဥရောပပြိုင်ပွဲဝင်ခွင့်တစ်နေရာရရှိဖို့ လက်ကျန်နှစ်ပွဲမှာ ရုန်းကန်ရအုံးမှာဖြစ်ပါတယ်။

ငွေကြယ်

### အမည်မှန်

နောင်ချိုမြို့ အမက၊ နောင်လင်(၁)မှ Grade-3 ဖြေဆိုထားသော အဖ ဦးခင်မောင်ဦး၏သား မောင်ဇေနန္ဒာဖြိုး၏ အမည်မှန်မှာ မောင်ဇေနန္ဒဖြိုး ဖြစ်ပါကြောင်း။

မောင်ဇေနန္ဒဖြိုး

## ကဝမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ကဝ မေ ၁၀

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် UID ကတ်များ ထုတ်ပေးခြင်းကို မိုးမြန်မာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မိုးဂနိမ်းကျောင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဝင်းဆန်း၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက မေ ၇ ရက်တွင် ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ကွင်းဆင်းဆောင်ရွက်ပေးသည်။



**ပေါင်းစပ်ဆောင်ရွက်ပေး**

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးရာနေရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနှင့်အဖွဲ့ဝင်များက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)


### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၅)၊ မြေကွက်အမှတ်(၇၄၈)၊ ဦးညွှန့်ရွှေ(ISN.019516)၊ စာအမှတ်(1120)၊ ပါမစ်မူရင်းအမည်ပေါက် (၄၀x၆၀)ပေမြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေ (၇၄၇)နှင့် ကပ်လျက်မြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင်လက်ရှိလက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဒေါ်အေးအေးသော်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမင်းအောင်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ရွှေတောင်လမ်း၊ မြေကွက်အမှတ် (၄၅၉/ခ)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်ဝင်း အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေ၊ မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်အေမီခိုင် [၁၂/ရပသ(နိုင်)၀၇၃၁၀၇]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)** **ဒေါ်မျိုးမျိုးအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)** **အထက်တန်းရှေ့နေ (စဉ်-၄၃၉၇၈)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**


## မြောင်းမြမြို့နယ်အတွင်း ရက် (၁၀၀) စီမံချက်ဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်



မြောင်းမြ မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရက် (၁၀၀) စီမံချက်ဖြင့် ယမန်နေ့ နံနက် ၉ နာရီက ကျွဲ၊ နွား ရောဂါကာကွယ်ဆေးထိုးပေးခြင်းနှင့် နွားမေထုန်မဲ့သားစပ်ပေးခြင်းတို့ကို ညောင်တောစုကျေးရွာအုပ်စုရှိ သဖြူပင်ဆိပ်ကျေးရွာ၊ ကွမ်းသီးချောင်းနှင့် အုန်းပင်ကျေးရွာတို့၌ ဆောင်ရွက်သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက စီးပွားဖြစ်မွေးမြူရေးခြံစာရင်းကောက်ယူခြင်း၊ တိရစ္ဆာန်အစာဆိုင်နှင့် ဆေးဆိုင်စာရင်းကောက်ယူခြင်း၊ ဇီဝဖိုးငှက်မွေးမြူမှုစာရင်းကောက်ယူခြင်း၊ ကျွဲနွားရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ နွားမေထုန်မဲ့သားစပ်ခြင်း၊ မွေးမြူရေးဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း၊ မွေးမြူရေးခြံများတွင် နမူနာပြပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# နေပြည်တော်
# (လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ဘာသာရပ်ဌာနများတွင် လစ်လပ်လျက်ရှိသော နည်းပြ၊ သရုပ်ပြ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) များ ခန့်ထားမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အခမဲ့ရယူ၍ဖြစ်စေ၊ သတင်းစာပါပုံစံကို ကွန်ပျူတာစာစီ၍ ဖြစ်စေ **၅-၆-၂၀၂၆ ရက်၊ သောကြာနေ့** နောက်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောဖြင့်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ တင်သွင်းလျှောက်ထားနိုင်ပါသည် -

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်ဌာနများ |
|---|---|---|
| ၁ | ရန်ကုန်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ ၁၀။ မနုဿဗေဒ ၁၁။ ရှေးဟောင်းသုတေသနပညာ ၁၂။ ဓာတုဗေဒ ၁၃။ ရူပဗေဒ ၁၄။ သင်္ချာ ၁၅။ သတ္တဗေဒ ၁၆။ ရုက္ခဗေဒ ၁၇။ ဘူမိဗေဒ ၁၈။ ကုန်ထုတ်ဓာတုဗေဒ ၁၉။ ကွန်ပျူတာသိပ္ပံပညာ ၂၀။ စာကြည့်တိုက်နှင့် သတင်းအချက်အလက်ပညာ |
| ၂ | မန္တလေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ ၁၀။ မနုဿဗေဒ ၁၁။ ရှေးဟောင်းသုတေသနပညာ ၁၂။ ဓာတုဗေဒ ၁၃။ ရူပဗေဒ ၁၄။ သင်္ချာ ၁၅။ သတ္တဗေဒ ၁၆။ ရုက္ခဗေဒ ၁၇။ ဘူမိဗေဒ ၁၈။ ကုန်ထုတ်ဓာတုဗေဒ ၁၉။ ကွန်ပျူတာသိပ္ပံပညာ ၂၀။ စီးပွားရေးပညာ |
| ၃ | ရန်ကုန်စီးပွားရေး တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ ဘောဂဗေဒ ၅။ အသုံးချဘောဂဗေဒ ၆။ ဝါဏိဇ္ဇဗေဒ ၇။ စာရင်းအင်းပညာ ၈။ စီမံခန့်ခွဲမှုပညာ ၉။ အသုံးချစာရင်းအင်းပညာ |
| ၄ | ရန်ကုန်ပညာရေး တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ စီးပွားရေးပညာ ၆။ ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှု ၇။ သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်း ၈။ ပညာရေးစိတ် ၉။ ကာယနှင့် ကျောင်းကျန်းမာရေး |
| ၅ | မော်လမြိုင်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ ၅။ အဏ္ဏဝါသိပ္ပံ |
| ၆ | ရန်ကုန်အဝေးသင် တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ရုက္ခဗေဒ ၈။ စီးပွားရေးပညာ |
| ၇ | တောင်ကြီးတက္ကသိုလ် | ၁။ စိတ်ပညာ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ |
| ၈ | စစ်ကိုင်းပညာရေး တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဓာတုဗေဒ ၅။ စီးပွားရေးပညာ ၆။ ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှု ၇။ သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်း ၈။ ပညာရေးစိတ် ၉။ ကာယနှင့် ကျောင်းကျန်းမာရေး |
| ၉ | ဒဂုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ မနုဿဗေဒ ၉။ သင်္ချာ ၁၀။ ရုက္ခဗေဒ ၁၁။ ဘူမိဗေဒ ၁၂။ ကုန်ထုတ်ဓာတုဗေဒ |
| ၁၀ | မကွေးတက္ကသိုလ် | ၁။ စိတ်ပညာ |
| ၁၁ | ပုသိမ်တက္ကသိုလ် | ၁။ စိတ်ပညာ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ ၄။ အဏ္ဏဝါသိပ္ပံ |
| ၁၂ | ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ ဂျပန် ၉။ ဂျာမန် ၁၀။ ရုရှား ၁၁။ တရုတ် ၁၂။ ပြင်သစ် ၁၃။ ထိုင်း ၁၄။ ကိုရီးယား ၁၅။ ဘာသာဗေဒ ၁၆။ စပိန် ၁၇။ အီတာလျံ |
| ၁၃ | စစ်တွေတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ စိတ်ပညာ ၆။ အရှေ့တိုင်းပညာ ၇။ ဘူမိဗေဒ ၈။ အဏ္ဏဝါသိပ္ပံ |
| ၁၄ | မုံရွာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ ဒဿနိကဗေဒ ၅။ စိတ်ပညာ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ နိုင်ငံတကာဆက်ဆံရေးပညာ ၉။ ဘူမိဗေဒ |
| ၁၅ | မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ ဂျပန် ၉။ ဂျာမန် ၁၀။ ရုရှား ၁၁။ တရုတ် ၁၂။ ပြင်သစ် ၁၃။ ထိုင်း ၁၄။ ကိုရီးယား ၁၅။ ဘာသာဗေဒ ၁၆။ စပိန် ၁၇။ အီတာလျံ |
| ၁၆ | မြစ်ကြီးနားတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ သတ္တဗေဒ ၅။ ဘူမိဗေဒ |
| ၁၇ | မုံရွာစီးပွားရေး တက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ ၅။ စီမံခန့်ခွဲမှုပညာ |
| ၁၈ | မန္တလေး အဝေးသင် တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ စီးပွားရေးပညာ |
| ၁၉ | တောင်ငူတက္ကသိုလ် | ၁။ ပထဝီဝင် ၂။ သမိုင်း ၃။ ဒဿနိကဗေဒ ၄။ စိတ်ပညာ ၅။ အရှေ့တိုင်းပညာ ၆။ ရုက္ခဗေဒ ၇။ ဘူမိဗေဒ |
| ၂၀ | ပြည်တက္ကသိုလ် | ၁။ ပထဝီဝင် ၂။ သမိုင်း ၃။ ဒဿနိကဗေဒ ၄။ စိတ်ပညာ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ |
| ၂၁ | ထားဝယ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဘူမိဗေဒ ၁၀။ အဏ္ဏဝါသိပ္ပံ |
| ၂၂ | ရတနာပုံတက္ကသိုလ် | ၁။ ပထဝီဝင် ၂။ သမိုင်း ၃။ ဒဿနိကဗေဒ ၄။ စိတ်ပညာ ၅။ မနုဿဗေဒ ၆။ ဘူမိဗေဒ |
| ၂၃ | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ စိတ်ပညာ ၆။ အရှေ့တိုင်းပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ မနုဿဗေဒ ၉။ ရုက္ခဗေဒ ၁၀။ ဘူမိဗေဒ |
| ၂၄ | မိတ္ထီလာတက္ကသိုလ် | ၁။ ဥပဒေပညာ ၂။ ဘူမိဗေဒ |
| ၂၅ | ပခုက္ကူတက္ကသိုလ် | ၁။ မြန်မာစာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ |
| ၂၆ | မိတ္ထီလာ စီးပွားရေး တက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ ၅။ စီမံခန့်ခွဲမှုပညာ |
| ၂၇ | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ရုက္ခဗေဒ ၇။ ဘူမိဗေဒ |
| ၂၈ | ကျောက်ဆည်တက္ကသိုလ် | ၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ ၅။ ဘူမိဗေဒ |
| ၂၉ | ဟသ်ာတတက္ကသိုလ် | ၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ |
| ၃၀ | ပင်လုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ |
| ၃၁ | မအူပင်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ ဥပဒေပညာ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ |
| ၃၂ | ဘားအံတက္ကသိုလ် | ၁။ ပထဝီဝင် ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ |
| ၃၃ | ကလေးတက္ကသိုလ် | ၁။ ပထဝီဝင် ၂။ ဥပဒေပညာ ၃။ အရှေ့တိုင်းပညာ ၄။ ရုက္ခဗေဒ ၅။ ဘူမိဗေဒ |
| ၃၄ | မြိတ်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ ၄။ အဏ္ဏဝါသိပ္ပံ |
| ၃၅ | လှိုင်ကော်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ သတ္တဗေဒ ၉။ ရုက္ခဗေဒ ၁၀။ ဘူမိဗေဒ |
| ၃၆ | လားရှိုးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |
| ၃၇ | ကျိုင်းတုံတက္ကသိုလ် | ၁။ သမိုင်း ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ |
| ၃၈ | ပဲခူးတက္ကသိုလ် | ၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ ၅။ ဘူမိဗေဒ |
| ၃၉ | ရွှေဘိုတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ရုက္ခဗေဒ ၉။ ဘူမိဗေဒ |
| ၄၀ | စစ်ကိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ |
| ၄၁ | ရေနံချောင်းတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ |
| ၄၂ | မြင်းခြံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ သတ္တဗေဒ ၈။ ရုက္ခဗေဒ ၉။ ဘူမိဗေဒ |
| ၄၃ | မိုးညှင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ သတ္တဗေဒ ၅။ ရုက္ခဗေဒ ၆။ ဘူမိဗေဒ |
| ၄၄ | အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် | ၁။ အင်္ဂလိပ်စာ ၂။ ကွန်ပျူတာသိပ္ပံပညာ ၃။ ဘောဂဗေဒ ၄။ စာရင်းအင်းပညာ ၅။ သတင်းအတတ်ပညာ ၆။ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာ ၇။ စီမံခန့်ခွဲမှုနှင့်ဝါဏိဇ္ဇဗေဒ |
| ၄၅ | မန္တလာတက္ကသိုလ် | ၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ ၅။ စီးပွားရေးပညာ ၆။ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာ |
| ၄၆ | ဟားခါးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ |
| ၄၇ | ဟုမ္မလင်းဒီဂရီကောလိပ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |

၂။ လျှောက်ထားသူသည် -

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်နှင့် ဆက်စပ်ဘာသာရပ်များတွင် ဘွဲ့ရရှိပြီး မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အရည်အချင်းပြည့်မီသူ (သို့မဟုတ်) ဂုဏ်ထူးတန်းဘွဲ့ရရှိပြီး မဟာဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူ (သို့မဟုတ်) မဟာဘွဲ့ရရှိသူ (သို့မဟုတ်) ပါရဂူဘွဲ့ရရှိသူ ဖြစ်ရမည်။

(ဂ) ဘောဂဗေဒ/အသုံးချဘောဂဗေဒ ဘာသာရပ်ဌာနအတွက် ဘောဂဗေဒ/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ/ ဖွံ့ဖြိုးမှု ပညာဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MPA)/ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS) ရရှိပြီးသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(ဃ) စာရင်းအင်းပညာ/အသုံးချစာရင်းအင်းပညာဘာသာရပ်ဌာနအတွက် စာရင်းအင်းပညာ/လူဦးရေပညာဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။ အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (MAS) ရရှိပြီးသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ဖြစ်ရမည်။

(င) ဝါဏိဇ္ဇဗေဒ/စီမံခန့်ခွဲမှုပညာ/စီမံခန့်ခွဲမှုနှင့် ဝါဏိဇ္ဇဗေဒဘာသာရပ်ဌာနအတွက် ဝါဏိဇ္ဇဗေဒ/စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ/စာရင်းကိုင်ပညာ/စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာဘာသာရပ်တွင် မဟာအရည်အချင်းစစ် သင်တန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)/ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ (MBF)/ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MMM)/အာမခံလုပ်ငန်းဆိုင်ရာ မဟာဘွဲ့ (MI) ရရှိပြီးသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ဖြစ်ရမည်။

(စ) ခရီးသွားလုပ်ငန်းပညာဘာသာရပ်ဌာနအတွက် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာဘာသာရပ်/ BA(Tourism)/ BA(Tourism Management) ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ ဧည့်ဝတ်နှင့် ခရီးသွားရေး စီမံခန့်ခွဲမှုမဟာဘွဲ့ (MHTM) ရရှိပြီးသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ဖြစ်ရမည်။

(ဆ) စီးပွားရေးပညာဘာသာရပ်ဌာနအတွက် အသိအမှတ်ပြုသည့် တက္ကသိုလ်တစ်ခုခုမှ စီးပွားရေးပညာဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ရရှိပြီး မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဇ) **၂၀၂၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့**တွင် မဟာအရည်အချင်းစစ်သင်တန်းတက်ရန် အဆင့်မီသူများနှင့် မဟာတန်း တက်ရောက်ရန် အဆင့်မီသူများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ မဟာဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက အသက် (၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဈ) လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းဖြစ်ပါက **၂၀၂၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့**တွင် အသက် (၄၀)နှစ် ထက် မကျော်လွန်သူဖြစ်ရမည်။

(ည) အစိုးရဌာနတစ်ခုခု၏ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာနှင့်အတူ (၂)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာ(မိတ္တူ)၊ နောက်ဆုံးနှစ်အမှတ်စာရင်း(မူရင်း)၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လအတွင်း ထောက်ခံချက်(မူရင်း)နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၁)လအတွင်း ထောက်ခံချက်(မူရင်း) တို့ကို ပူးတွဲတင်ပြရမည်။ (လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါ အထောက်အထား(မူရင်း)များကို တစ်ပါတည်း ယူဆောင်လာရန်ဖြစ်သည်။)

၄။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုပြီး၊ အောင်မြင်လျှင် လူတွေ့စာမေးပွဲ ဖြေဆိုရမည်။

၅။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။

၆။ ရေးဖြေစာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပြီး ဖြေဆိုရမည့် ခုံအမှတ်နှင့် နေရာကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည် -

| စဉ် | ရေးဖြေ ဖြေဆိုရမည့် ဘာသာရပ် | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | ၂၀-၆-၂၀၂၆ နံနက် (၉)နာရီ မှ (၁၀)နာရီ |
| (ခ) | အင်္ဂလိပ်စာ | ၂၀-၆-၂၀၂၆ နံနက် (၁၀)နာရီ မှ (၁၁)နာရီ |
| (ဂ) | အထွေထွေဗဟုသုတ | ၂၀-၆-၂၀၂၆ နံနက် (၁၁)နာရီ မှ (၁၂)နာရီ |

၇။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ၂၁-၆-၂၀၂၆ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

သို့

ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး

---------------------- တက္ကသိုလ်/ဒီဂရီကောလိပ်

**ဓာတ်ပုံ**

ရက်စွဲ ၊ ---------------------------

**အကြောင်းအရာ။ နည်းပြ/ သရုပ်ပြ ရာထူးလျှောက်ထားခြင်း**

၁။ -------------------------------- တက္ကသိုလ်/ဒီဂရီကောလိပ်တွင် လစ်လပ်လျက်ရှိသော -------------------------------- ဘာသာရပ် နည်းပြ/သရုပ်ပြ ရာထူးသို့ လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်/ကျွန်မနှင့်ပတ်သက်သော အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) အမည် ------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------

(ဂ) မွေးသက္ကရာဇ် ------------------------------------

(ဃ) လူမျိုး ------------------------------------

(င) ကိုးကွယ်သည့်ဘာသာ ------------------------------------

(စ) လက်ရှိပညာအရည်အချင်းနှင့် ------------------------------------
အောင်မြင်သည့်နှစ် ------------------------------------

(ဆ) အဖအမည် ------------------------------------
အမျိုးသားမှတ်ပုံတင်အမှတ်/ ------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------
အလုပ်အကိုင်၊ ဌာန ------------------------------------

(ဇ) အမိအမည် ------------------------------------
အမျိုးသားမှတ်ပုံတင်အမှတ်/ ------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------
အလုပ်အကိုင်၊ ဌာန ------------------------------------

(ဈ) ဝန်ထမ်းဖြစ်လျှင် ------------------------------------
အလုပ်အကိုင်နှင့် ဌာန ------------------------------------

(ည) ဆက်သွယ်ရန်နေရပ်လိပ်စာ အပြည့်အစုံ ------------------------------------
ဖုန်းနံပါတ် ------------------------------------

(ဋ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ ဖုန်းနံပါတ် ------------------------------------

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းတို့ကို ပူးတွဲပေးပို့အပ်ပါသည် -

(က) လိုင်စင်အရွယ်ဓာတ်ပုံ (၂)ပုံ

(ခ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ (မိတ္တူ)

(ဂ) နောက်ဆုံးနှစ်အမှတ်စာရင်း/CGPA (မူရင်း)

(ဃ) အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် (မိတ္တူ)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လအတွင်း ထောက်ခံချက် (မူရင်း)

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၁)လအတွင်း ထောက်ခံချက် (မူရင်း)

(ဆ) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်

(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)

၄။ နည်းပြ/သရုပ်ပြရာထူး ခန့်ထားခြင်းခံရပါက အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်/ ဒီဂရီကောလိပ်များတွင် အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ (၅)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည် (ခန့်အပ်ခံရသည့် တက္ကသိုလ်/ ဒီဂရီကောလိပ်တွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်)ကို သိရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိပါက ဌာနမှသတ်မှတ်ထားသည့် လျော်ကြေးငွေကို ပေးလျော်မည်ဖြစ်ကြောင်း သိရှိပါသည်။

လေးစားစွာဖြင့်

လက်မှတ် ၊ ---------------------------

ရက်စွဲ ၊ - -၂၀၂၆ အမည် ၊ ---------------------------

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြိုင်ဘက် တက်ဆုရိုတိုင်ရာကို နောက်ဆုံးအချီတွင် အနိုင်ယူပြီး UFC ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဂျိုရှုအာဗန် ကာကွယ်

ရန်ကုန် မေ ၁၀

UFC 328 ပြိုင်ပွဲကို မြန်မာစံတော်ချိန် မေ ၁၀ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံ၌ ကျင်းပရာ မြန်မာဖိုက်တာ ဂျိုရှုအာဗန်သည် ပြိုင်ဘက်ဖြစ်သူ ဂျပန်ဖိုက်တာ တက်ဆုရိုတိုင်ရာကို နောက်ဆုံးအချီတွင် အနိုင်ယူပြီး UFC ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ် ကာကွယ်နိုင်ခဲ့သည်။

မြန်မာဖိုက်တာ ဂျိုရှုအာဗန်သည် UFC ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုနှင့် ထိုက်တန်ကြောင်း ယခုပွဲတွင် သက်သေပြနိုင်ခဲ့ပြီး ပွဲကြိုပြင်ဆင်မှု ကောင်းမွန်ခြင်း၊ ပွဲအတွင်း နည်းဗျူဟာကောင်းမွန်မှုများက ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်စေခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအကြို အလေးပေးမှုတွင် ပြိုင်ဘက်ထက် လျော့နည်းခဲ့သည့် ဂျိုရှုအာဗန်သည် ထိုက်ထိုက်တန်တန် နိုင်ပွဲရယူနိုင်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်နှင့် ထိုက်တန်ကြောင်း ကမ္ဘာတစ်ဝန်းလုံးကို ယုံကြည်စေခဲ့သည်။ ဒီဇင်ဘာ ၆ ရက်က ထိုးသတ်သည့် ကမ္ဘာ့ချန်ပီယံလုပွဲတွင် ပြိုင်ဘက်ဖြစ်သူ ပန်တိုဂျာ ဒဏ်ရာရသွားပြီး ပွဲအစပိုင်းမှာပင် အရေးနိမ့်ခဲ့သဖြင့် ဂျိုရှုအာဗန်၏ ကမ္ဘာ့ချန်ပီယံဖြစ်မှုအပေါ် ဝေဖန်မှုများ၊ စိတ်မကျေမှုများရှိခဲ့သော်လည်း ဂျိုရှုအာဗန်က အလုပ်နှင့် သက်သေပြကာ ဝေဖန်မှုများအား တိတ်ဆိတ်စေခဲ့သည်။

ချုပ်ကွက်အားသာသည့် တက်ဆုရိုတိုင်ရာသည် ပွဲအစကတည်းက ချုပ်ကွက်ကိုသာ အားပြုခဲ့သည်။ ဂျိုရှုအာဗန်သည် ပွဲကြိုသေချာပြင်ဆင်ထားကြောင်း ပေါ်လွင်ခဲ့ပြီး ချုပ်ကွက်အားသာသည့် တိုင်ရာ၏ ချုပ်ကွက်မှ အကြိမ်ကြိမ်ရုန်းထွက်ပြခဲ့သည်။

စာမျက်နှာ ၂၃ ကော်လံ ၅ သို့ ☆

မြန်မာဖိုက်တာ ဂျိုရှုအာဗန်နှင့် ဂျပန်ဖိုက်တာ တက်ဆုရိုတိုင်ရာတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။



# အာရှဖလား ယူ-၁၇ ပြိုင်ပွဲတွင် မြန်မာ ယူ-၁၇ အသင်း နှစ်ပွဲဆက်ရှုံးပြီး အုပ်စုအဆင့်မှထွက်ခဲ့ရ



ရန်ကုန် မေ ၁၀

၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ အုပ်စု (A) ဒုတိယနေ့ကို မေ ၉ ရက် ညပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် တာဂျစ်ကစ္စတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ပြီး အုပ်စုအဆင့်မှ စောစီးစွာ ထွက်ခဲ့ရသည်။

မြန်မာ ယူ-၁၇ အသင်းသည် အုပ်စု အဖွင့်ပွဲတွင် အိမ်ရှင်ဆော်ဒီအာရေဗျ အသင်းကို ဂိုးပြတ်အရေးနိမ့်ထားသဖြင့် ယခုပွဲအနိုင်ရမှ နောက်တစ်ဆင့် တက်ရောက်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သော်လည်း ပထမပိုင်းတွင်

စာမျက်နှာ ၂၁ ကော်လံ ၄ သို့ ☆

# MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) စတင်ကျင်းပ

ရန်ကုန် မေ ၁၀

၂၀၂၆ MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ကို မေ ၁၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပသည်။

စာမျက်နှာ ၂၁ ကော်လံ ၄ သို့ ✪



Jullniss အသင်းနှင့် ဘူရီဒိုအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# အာဆင်နယ်အသင်းနှင့် ရမှတ်ကွာဟမှုကို မန်စီးတီးအသင်း လျှော့ချနိုင်ခဲ့

မန်စီးတီးအသင်းဟာ မေ ၉ ရက် ညပိုင်းက ဘရန်းဖို့ဒ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဂိုးပြတ်နိုင်ပွဲရရှိပြီး အာဆင်နယ်အသင်းနဲ့ ရမှတ်ကွာဟမှုကို လျှော့ချနိုင်ခဲ့ပြီဖြစ်ပါတယ်။

### ဂိုးပြတ်နိုင်ပွဲရရှိ

မန်စီးတီးအသင်းနဲ့ ဘရန်းဖို့ဒ်အသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဒုတိယပိုင်းသွင်းဂိုးတွေနဲ့ မန်စီးတီးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ◆



မန်စီးတီးအသင်းနှင့် ဘရန်းဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ယနေ့ မိုးလေဝသ (၁၁-၅-၂၀၂၆)

**နေပြည်တော်နှင့်အနီးတစ်ဝိုက်**

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်**

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ မိုး/ဇလ